# ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၆ ရက်၊ တနင်္လာနေ့၊ (3-10-2011) (၆၉၀၁)


## ဒို့တာဝန်အရေးသုံးပါး

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ကိုရီးယားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

**၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင်ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ သမ္မတ မစ္စတာ အီမြောင်ဘတ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။**

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ဂျာမနီနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် အောက်တိုဘာ ၃

**၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသမ္မတ မစ္စတာ ခရစ္စရှန် ဝုဖ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။**

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ကိုရီးယားဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကိုရီးယားသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ကမ်ဟွမ်ဆစ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
## ဂျာမနီနိုင်ငံ ဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၃**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင်ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ဝန်ကြီးချုပ် ဒေါက်တာ အင်ဂျယ်လာ ဒေါ်ရိုသီယာ မာကယ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ပွဲတော်ကျင်းပရေး
## ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဆွေးနွေးမှာကြား

ရန်ကုန် အောက်တိုဘာ ၂

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော်အထက်ပစ္စယာသို့ တက်ရောက်၍ ပတ္တမြားမျက်ရှင်ဘုရားအား ဖူးမြော်ကြည်ညိုကာ အာရုံခံတန်ဆောင်းများ၊ မုခ်ဦးဆောင်များနှင့် ဂန္ဓကုဋိတိုက်များအတွင်း၌ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်စေရန် ကြွေပြားအသစ်ခင်းကျင်းမည့် ပန်းအလှကျောက်ပြားနမူနာများကို လည်းကောင်း၊ ပြတိုက်၊ ပိဋကတ်တိုက်နှင့် မော်ကွန်းတိုက်ကို လည်းကောင်း၊ ရွှေတိဂုံစေတီတော် အနောက်ဘက် အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်းကို လည်းကောင်း လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များ မှာကြားသည်။**

### လှေလှောကြည့်ရှု

ယင်းနောက် ရွှေတိဂုံစေတီတော်သို့ ဘုရားဖူးလာရောက်ကြသော ပြည်သူများ ရွှေတိဂုံစေတီတော် ပြတိုက်တွင် လှေ့လာကြည်ညိုပြီး အနောက်ဘက် အောက်ပစ္စယာရှိ မဟာဗုဒ္ဓဝင်ပြခန်းသို့ လွယ်လင့်တကူ ဆင်းသက်သွားလာနိုင်ရန် သီးခြား နတ်လမ်းလှေကားပြုလုပ်တည်ဆောက်မည့် အနေအထားကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရွှေတိဂုံစေတီတော် နှစ်(၂၆၀၀)ပြည့် ပွဲတော်ကျင်းပရေးကိစ္စနှင့် စပ်လျဉ်း၍ ဂေါပကအဖွဲ့နှင့် လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့သည်။

(သတင်းစဉ်)

### ကြည့်ရှုစစ်ဆေး

**သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ရွှေတိဂုံစေတီတော် ဗုဒ္ဓပြတိုက်အတွင်း ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)



## စစ်တောင်းမြစ်ရေ အခြေအနေ

***နေပြည်တော် အောက်တိုဘာ ၂။*** ။ *စစ်တောင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ တောင်ငူမြို့တွင် ၆၂၁ စင်တီမီတာသို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ် အထက် ၂၁ စင်တီမီတာ (သုည ဒသမ ၇ ပေခန့်) ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၀၀ စင်တီမီတာအထက်တွင် ဆက်လက်တည်ရှိနိုင်သည်။*

*စစ်တောင်းမြစ်ရေသည် ယနေ့တိုင်းထွာချက်အရ မဒေါက်မြို့တွင် ၁၀၈၈ စင်တီမီတာသို့ ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၈ စင်တီမီတာ (သုည ဒသမ ၆ ပေခန့်)ကျော်လွန်နေသည်။ အဆိုပါ မြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၇၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၀၇၀ စင်တီမီတာအောက်သို့ ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။*

*(သတင်းစဉ်)*

၃-၁၀-၂၀၁၁
(တနင်္လာနေ့)

# ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်နိုင်မှု ဂရုပြု

အသက်ရှည် ကျန်းမာကြံ့ခိုင်ခြင်းသည် လူတိုင်းနှင့်သက်ဆိုင်သည်။ တစ်ကိုယ်ရေသန့်ရှင်းမှု ဂရုပြုပြီး စနစ်တကျ နေထိုင်စားသောက် သုံးစွဲကြရန် လိုအပ်သည်။ ပြည်သူများအနေဖြင့် ရေကောင်းရေသန့်ရရှိသုံးစွဲရေး၊ အစားအစာသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရပေမည်။

ထို့အပြင် လူထုအတွင်း နေ့စဉ်အသုံးပြုနေသည့် အလှကုန်ပစ္စည်းအချို့နှင့် သုံးစွဲမှုများကို သတိပြုကြရမည်ဖြစ်သည်။ အလှကုန်ပစ္စည်းအချို့တွင် အန္တရာယ်ဖြစ်စေနိုင်သော ဓာတုပစ္စည်းများ ပါဝင်နေသဖြင့် နှစ်ရှည်လများ သုံးစွဲလာသည့်အခါ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်လာနိုင်သည်။

ယခုအခါ ခေတ်မီအလှအပအသုံးအဆောင်ပစ္စည်းများ၊ အရေပြားထိန်းသိမ်းမှုဆိုင်ရာပစ္စည်းအများအပြားကို ထုတ်လုပ်၍ ဈေးကွက်သို့ တင်ပို့လျက်ရှိသည်။ ဈေးကွက်တွင် ဝယ်ယူအသုံးပြုသူများ ပိုမိုစိတ်ဝင်စား ဆွဲဆောင်မှုရှိလာစေရန် ဓာတုပစ္စည်းများ ထည့်သွင်းအသုံးပြုနေကြသည်။

အလှကုန်ပစ္စည်းများနှင့် နေ့စဉ်သုံးဆပ်ပြာ၊ ခေါင်းလျှော်ရည်၊ လက်သည်းဆိုးဆေး၊ ပေါင်ဒါ၊ ရေမွှေး၊ နှုတ်ခမ်းဆိုးဆေးစသည့် ပစ္စည်းအချို့တွင် ပါဝင်သော ဓာတုပစ္စည်းအများစုသည် သုံးစွဲသူများအား ကျန်းမာရေးဆိုင်ရာ ပြဿနာများ ဖြစ်ပေါ်လာနိုင်သည်။ ကင်ဆာရောဂါနှင့် မွေးရာပါချို့ယွင်းမှုအချို့ဖြစ်စေနိုင်ကြောင်း သိရသည်။

အဆိုပါဓာတုပစ္စည်းများသည် လူ၏ခန္ဓာကိုယ်အတွင်းသို့ နေ့စဉ် ပမာဏအနည်းငယ်စီ ဝင်ရုံမျှဖြင့်ပင် ဆိုးကျိုးများဖြစ်စေနိုင်သည်။ နှုတ်ခမ်းနီတွင် ပါဝင်သည့် ခဲသည် ခွင့်ပြုပမာဏထက် ပိုမိုသုံးစွဲမိပါက အာရုံကြောများကို ထိခိုက်စေနိုင်သည်။ ကိုယ်ရည်ကိုယ်သွေးပြဿနာအချို့ ကြုံတွေ့နိုင်သည်။ ထို့အပြင် ကလေးမရနိုင်ခြင်း၊ မကြာခဏသားပျက်ခြင်းများ ဖြစ်နိုင်၍ ကိုယ်ဝန်ဆောင်မိခင်များ အထူးဂရုပြု သုံးစွဲသင့်သည်။

အလှကုန်ပစ္စည်းများ အသုံးပြုခြင်းသည် လန်းဆန်းတက်ကြွ စိတ်ကျေနပ်မှုကို ဖြစ်စေသည်။ အသုံးပြုသူတိုင်းက အလှကုန်ပစ္စည်းနှင့် နေ့စဉ်သုံးပစ္စည်းများ သုံးစွဲရာတွင် မိမိတို့၏အသားအရေနှင့် ကိုက်ညီမှုမရှိပါက အသုံးပြုမှု ချက်ချင်းဖြတ်ပစ်ခြင်း၊ မလိုအပ်ဘဲ ဆံပင်ဆိုးဆေးများသုံးစွဲခြင်း၊ ဓာတုပစ္စည်းပါဝင်မှု လွန်ကဲသော အသုံးအဆောင်ပစ္စည်းများကို ဂရုပြုသုံးစွဲခြင်းများ ပြုလုပ်သွားကြရန် တိုက်တွန်းလိုက်ရပေသည်။ ။



ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား၌ ဂုဏ်ပြုစကားပြောကြားစဉ်။ (သတင်းစဉ်)

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၇)နှစ်မြောက် နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနား တက်ရောက်

ရန်ကုန် အောက်တိုဘာ ၂

**ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်းသည် အောက်တိုဘာ ၁ ရက် နံနက်ပိုင်းတွင် ပဲခူးမြို့တော်ခန်းမ၌ ကျင်းပသော ပဲခူးတိုင်းဒေသကြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၇)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး ဆုရတပ်ဖွဲ့ဝင်များအား ဆုများချီးမြှင့်သည်။**

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြဝင်းက မြန်မာနိုင်ငံရဲတပ်ဖွဲ့(၄၇)နှစ်မြောက် နှစ်ပတ်လည်နေ့သဝဏ်လွှာကို ဖတ်ကြားပြီး ထူးချွန်ရဲတပ်ဖွဲ့ဝင်များအား ဆုများ ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသော အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဌာနဆိုင်ရာများက ဘိုးဘွားများအား လှူဒါန်းငွေနှင့် ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် အဘိုးတစ်ဦးက ဆုပေးစကားပြောကြားပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကန်တော့ခံအဘိုးအဘွားများအား လိုက်လံနှုတ်ဆက်သည်။ အခမ်းအနားတွင် ပဲခူးမြို့ပေါ်ရှိ အဘိုးအဘွား ၃၈၈ ဦးအတွက် ပစ္စည်းနှင့် လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၇၇၆၀၀၀၀ ဖြစ်ကြောင်း သိရသည်။ (သတင်းစဉ်)

## ညောင်လေးပင်မြို့ရှိ ကျောင်းပေါင်းစုံ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ရှိ ကျောင်းပေါင်းစုံ ပဋ္ဌမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၀ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် အာဇာနည်လမ်း သီရိရတနာခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အလှူငွေထည့်ဝင်လှူဒါန်းလိုသူများသည် ဦးအေးဝင်း (ရန်ကုန်) ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးစောမြင့် (ရန်ကုန်) ဖုန်း-၀၉-၅၁၀၇၉၃၀၊ ကိုထွန်းနိုင်စိုး (ရန်ကုန်) ဖုန်း-၀၉-၅၁၈၂၅၉၂၊ ဦးစိုးဝင်း-ဒေါ်နုနု ဖုန်း-၀၉-၅၃၈၅၂၈၂၊ ဦးအောင်မော်-ဒေါ်သန်းသန်း ဖုန်း-၀၅၂-၅၀၄၉၆၊ ဦးအောင်လင်း- ဒေါ်ခင်မိုးနှင်း ဖုန်း-၀၉-၅၀၈၄၃၂၇၊ ဦးမျိုးကျော်ဇော-ဒေါ်ကေသွယ်စိုး ဖုန်း-၀၉-၅၁၁၀၇၇၀ နှင့် ဦးရန်နိုင်စိုး-ဒေါ်မို့မို့ဝင်း ဖုန်း-၀၉-၅၁၉၆၉၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၂-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၁. ၁၈၀၀ | ၀. ၀၃၂၀၇ |
| တရုတ် (ယွမ်) | ၆. ၃၇၉၀၀ | ၀. ၁၅၆၇၆ |
| အိန္ဒိယ (ရူပီး) | ၄၉. ၀၁၀၀ | ၀. ၀၂၀၄၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၉၀၀၀ | ၀. ၃၁၃၄၈ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၃၀၇၄၀ | ၀. ၇၆၄၈၈ |
| ဂျပန် (ယန်း) | ၇၇. ၀၄၀၀ | ၀. ၀၁၂၉၈ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၈၁. ၀၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၄၇၂၂ | ၁. ၃၃၈၃၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၁၇၇ | ၁. ၅၅၈၂၀ |

*အင်တာနက်။*

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၃-၁၀-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

၇:၀၄ ၁။ နိုင်ငံတော်သီချင်း
၇:၀၅ ၂။ တရားတော်
၇:၂၀ ၃။ ဓမ္မပူဇာတေး
၇:၂၅ ၄။ မျိုးချစ်တပ်မတော်
၇:၃၀ ၅။ မြန်မာ့ရှုခင်း
၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ ပညာပေးဇာတ်လမ်းတို
၈:၂၅ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄:၀၂ ၁။ နိုင်ငံတော်သီချင်း
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ မျိုးချစ်တပ်မတော်
၄:၁၅ ၄။ စိုက်ပျိုးသုတ
၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
၄:၄၅ ၆။ ဗွီစီဒီကျော်ကြားတေး
၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွှင်ပြင် (အပိုင်း-၄၁)**
၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၁။ သံစဉ်လမ်းက လင်းလက်ကြယ်
၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်း ကြယ်တစ်စင်း (အပိုင်း-၅၅)**
၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၁၄။ အမျိုးသားရေးတေးကဗျာ
၁၅။ ဒို့တာဝန်အရေး(၃)ပါး
၁၆။ နိုင်ငံတကာသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ Talk of The Town
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၅၆)**
၂၃။ Mini Series

## TV Guide ထုတ်ဝေဖြန့်ချိ

**ရန်ကုန် အောက်တိုဘာ ၂**

၁၅ ရက်တစ်ကြိမ် ထုတ်ဝေဖြန့်ချိလျက်ရှိသည့် TV Guide စာစောင် အတွဲ(၂)၊ အမှတ်(၃၄)ကို စက်တင်ဘာ ၃၀ ရက်(သောကြာနေ့)တွင် စတင်ဖြန့်ချိလိုက်ပြီဖြစ်သည်။ ယင်း TV Guide စာစောင်တွင် MRTV-4 ရုပ်သံလိုင်းတွင် မကြာမီကြည့်ရှုရမည့် ပျော်ရွှင်ခြင်း၏နောက်ကွယ် ကိုရီးယားဇာတ်လမ်းတွဲသစ်အကြောင်း၊ For Choice ရုပ်သံလိုင်းတွင် ပြသမည့် အချစ်သရဖူ တရုတ်ဇာတ်လမ်းတွဲသစ်၊ For Edu ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် နှင်းဆီလေးရဲ့ ဥယျာဉ်မှူး ကိုရီးယားဇာတ်လမ်းတွဲသစ်၊ Animal Planet ရုပ်သံလိုင်းတွင် ပြသမည့် တောရိုင်းသတ္တဝါ တစ်ကောင်အကြောင်းအား နာရီပေါင်းများစွာ ရိုက်ကူးထားသည့် Growing Up Wild:Elephant အစီအစဉ်၊ Nat Geo Wild ရုပ်သံလိုင်းတွင် ကြည့်ရှုရမည့် Built for The Kill, Sharkmen, Mystery Gorilla, Tigerman, Animal Autopsy စသည့် အစီအစဉ်များ၊ ရုပ်သံလိုင်းအားလုံး၏ အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ အစီအစဉ်များပါဝင်သည်။

TV Guide စာစောင်ကို TV Guide Distribution Network ဖုန်း-၀၉-၇၃၀၆၀၃၁၅ မှ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။ Door To Door မှာယူလိုသူများသည် Novel Light Express 09-5080850,391186 သို့ မှာယူနိုင်သည်။

(သတင်းစဉ်)

## ကလေးဒေသကိုဗဟိုပြု၍ ယာဉ်လိုင်းများ ပြေးဆွဲပေးနေ

**ရန်ကုန် အောက်တိုဘာ ၂**

ကလေးခရိုင် ကလေးမြို့နယ် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီက ကြီးကြပ်၍ ကလေးဒေသကို ဗဟိုပြုကာ အဝေးပြေးယာဉ်လိုင်းများ ပြေးဆွဲပေးလျက်ရှိသည့်အတွက် ကလေးဒေသနေ ပြည်သူများ၊ ချင်းတောင်တန်းနေပြည်သူများနှင့် ခရီးသွားပြည်သူများသည် ကုန်စည်ပို့ဆောင်ရေးနှင့် သွားလာရေးများ၌ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

ကလေးမြို့မှ ချင်းပြည်နယ် ဖလမ်းမြို့၊ ဟားခါးမြို့၊ တွန်းဇံမြို့၊ တီးတိန်မြို့နှင့် ထန်တလန်မြို့များသို့ ချင်းတောင်တန်း၊ ရွှေခြသေ့၊ ရွှေသဇင်နှင့် ပြည်ချစ်သား (မှန်လုံ)ယာဉ်များဖြင့် နေ့စဉ် နံနက်ပိုင်းမှ စတင်ပြေးဆွဲပေးနေပြီး ကလေးမြို့မှ တမူးမြို့သို့ ရွှေပြည်သစ်၊ ချင်းတောင်တန်း၊ ကျော်ဇေယျာ၊ ရွှေဝါမြေ၊ ထွန်းတောက်၊ ရဲဝင်းအောင်၊ နယူးရွှေကဘော်နှင့် ရွှေပြည်ကျော်(ကားကြီး၊ ကားလေး၊ မီနီဘတ်စ်၊ လိုက်ထရပ်) ကားများဖြင့် ပြေးဆွဲပေးနေသည်။ ၎င်းအပြင် ကလေးမှ မုံရွာသို့ တင့်တိုင်းအောင်နှင့် အောင်ကမ္ဘာယာဉ်လိုင်းများ၊ ကလေးမြို့မှ ကလေးဝသို့ ရောင်နီထွန်း၊ ကျော်ဇေယျာ၊ ရွှေဝါမြေ (မှန်လုံ၊ ဒိုင်နာ)ကားများဖြင့်လည်းကောင်း၊ ကလေးမြို့မှ မန္တလေးမြို့သို့ ရှမ်းတောင်တန်း၊ ထွန်းတောက်၊ ချင်းတောင်တန်း၊ ရွှေသဇင်နှင့် ရွှေမန်းသူ ယာဉ်လိုင်းများဖြင့်လည်းကောင်း ပုံမှန်ပြေးဆွဲပေးလျက်ရှိသည်။ ထို့အပြင် ကလေးမြို့မှ ရိဒ်သို့ ပန်းချယ်ရီ၊ ဇလပ်မြေ၊ ချင်းတောင်တန်း၊ ပြည်ချစ်သား၊ ပြည့်အားမာန်နှင့် ရွှေနယ်စပ်(ဂျစ်ကား) ယာဉ်လိုင်းများက ပြေးဆွဲပေးလျက်ရှိသည်။

ကလေးမြို့ မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ ဦးစိုးဝင်းက "ကျွန်တော်တို့ မထသအနေနဲ့ ဒေသခံတွေနဲ့ ခရီးသွားပြည်သူတွေ သွားလာရေးအဆင်ပြေအောင် အမြဲကြီးကြပ်ဆောင်ရွက်ပေးနေပါတယ်။ ယာဉ်လိုင်းများ သတ်မှတ်ချိန်ထွက်နိုင်ဖို့နဲ့ ယာဉ်ကြံ့ခိုင်မှုများကို ဂရုတစိုက်ကြီးကြပ်စစ်ဆေးပြီးမှ ယာဉ်ထွက်ခွာခွင့်လက်မှတ်တွေ ထုတ်ပေးပါတယ်။ ယာဉ်မထွက်ခင် ခရီးသည်တွေ နားနားနေနေ နေနိုင်ရေးအတွက်လည်း စီစဉ်ပေးထားပါတယ်။ ကလေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်နဲ့ ကွန်ပျူတာတက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူတွေ သွားလာရေးအဆင်ပြေစေဖို့အတွက်လည်း ကျောင်းကားများကို စနစ်တကျဖြည့်ဆည်းပေးထားပါတယ်"ဟု ပြောပြသည်။

**ကိုကြီးသာ**



**နံနက်မိုးမသောက်မီအချိန်ကတည်းက ယာဉ်လိုင်းများကို ဤသို့ပြေးဆွဲပေးနေသည်။**

# ရှမ်းပြည်နယ် (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့နှင့် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ တောင်ကြီးမြို့၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

**ရှမ်းပြည်နယ် (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ နှစ်ပတ်လည်နေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ရဲသူရဝင်းနိုင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ရဲတပ်ဖွဲ့မှူးများ၊ တိုက်ပွဲကျရဲတပ်ဖွဲ့ဝင်များ၊ ဆုရဝတ်အသင်းနှင့် စွမ်းစွမ်းတမံ ဆောင်ရွက်သူများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံဆိုင်က လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပြည်နယ်ဥပဒေချုပ် ဦးမောင်မောင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။**

ယင်းနောက် ပြည်နယ်ရဲတပ်ဖွဲ့မှူးက တစ်ဆင့်မြင့်ရာထူးတိုးမြှင့်ခြင်းခံရသည့် တပ်ဖွဲ့ဝင်များအား ရာထူးတံဆိပ် တပ်ဆင်ပေးသည်။

**အမှာစကားပြောကြား**

ထိုမှတစ်ဆင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့သည် တောင်ကြီးမြို့ အတုလမာရဇိန်မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည့် ၂၀၁၁ ခုနှစ် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားသို့ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမျိုးထွန်းက အမှာစကား ပြောကြားသည်။

ထို့နောက် ဘိုးဘွားများအား ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က ဂါရဝလက်ဆောင်များ ပေးအပ်ကြသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့တွင် တောင်ကြီးမြို့ပေါ်ရှိ အသက်(၁၀၀)အထက် လေးဦးအပါအဝင် ဘိုးဘွား ၁၈၅ ဦးအား ကန်တော့ခံ၍ ပြည်နယ်ဝန်ကြီးများနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာအကြီးအကဲများက ဘိုးဘွားများအား ဂုဏ်ပြုငွေ တစ်ဦးလျှင်ငွေကျပ်နှစ်သောင်းနှင့် ဂါရဝလက်ဆောင်ပစ္စည်းများ ပေးအပ်ကြပြီး ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့တို့က ဂါရဝပစ္စည်းနှင့် ဆေးဝါးပစ္စည်းများ လှူဒါန်းခဲ့ကြသည်။ (သတင်းစဉ်)

## အနောက်တောင်မုတ်သုံလေ မြစ်ဝကျွန်းပေါ်ဒေသမှ ဆုတ်ခွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂**

**ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက် မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာမိုးရေချိန်များမှာ နေပြည်တော်(တပ်ကုန်း)တွင် ၁ ဒသမ ၂၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ ၀၆ လက်မ၊ မော်လမြိုင်မြို့တွင် ၃ ဒသမ ၃၁ လက်မ၊ ဂွမြို့တွင် ၂ ဒသမ ၉၉ လက်မ၊ မောင်တောမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ရေးမြို့တွင် ၂ ဒသမ ၈၇ လက်မ၊ ဟုမ္မလင်းမြို့တွင် ၂ ဒသမ ၂၈ လက်မ၊ လှိုင်လင်မြို့တွင် ၂ ဒသမ ၂၀ လက်မ၊ ချောက်မြို့တွင် ၂ ဒသမ ၁၃ လက်မ၊ ဆင်ဖြူကျွန်းမြို့တွင် ၁ ဒသမ ၉၃ လက်မနှင့် ဂန့်ဂေါမြို့တွင် ၁ ဒသမ ၈၅ လက်မ တို့ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်**

အနောက်တောင်မုတ်သုံလေသည် မြစ်ဝကျွန်းပေါ်ဒေသများမှ ဆုတ်ခွာသွားနိုင်သည်။

## တားဆီးကာကွယ် ယာဉ်အန္တရာယ်

**သတင်းမှတ်စု - လွမ်းမွန်**

အရှေ့မိုးကောင်းကင်တွင် လင်းရောင်ခြည်သန်းပြီ။ တစ်နေ့တာအစ စတင်လှုပ်ရှားကြရပြီ။ လူကြီးလူငယ် အသက်အရွယ်မရွေး အလွှာပေါင်းစုံ၊ ဌာနစုံ မိမိတို့စားဝတ်နေရေးအတွက် အသက်မွေးဝမ်းကျောင်းလုပ်ကိုင်ရာ မိမိတို့ တာဝန်ကျရာ ရုံး၊ ဌာန၊ စက်ရုံ၊ အလုပ်ရုံအသီးသီးသို့ အချိန်မီရောက်ရှိရေး သွားလာနေကြပြီ။ မီးရထား၊ မီးရထားကားတို့ဖြင့် ရုံးချိန်အမီ၊ အလုပ်ချိန်အမီ ပြေးတက်ပြေးဆင်း လှုပ်လှုပ်ရှားရှား သွားသွားလာလာ တစ်နေ့တာ။

ဤသို့သော လူတန်းစားအလွှာထဲတွင် စာရေးသူလည်း အပါအဝင်ဖြစ်သည်။ နေ့စဉ် အလုပ်အသွားအပြန် နေအိမ်မှ ရန်ကုန်မြို့တွင်း ဆူးလေမှတ်တိုင်အထိ ကားအလု အယက်စီးရသည်။ နံနက်ပိုင်း ရုံးတက်ချိန်နှင့် ညနေရုံးဆင်းချိန်များတွင် ကားနေရာရရှိဖို့ တော်တော်ခဲယဉ်းလှသည်။ တစ်နေ့ မိုးလေးကတဖွဲဖွဲရွာနေဆဲ။ ရန်ကုန်ဘက်သွားမည့် ရွှေဂုံတိုင်မှတ်တိုင်တွင် ရုံးတက်ချိန်မို့ လူအုပ်ကြီးက ကားမှတ်တိုင်တွင် အလုအယက်တိုးဆင်းတိုးတက်နေကြသည်။ မကြာလှုပါ မြောက်ဒဂုံဘက်မှလာသည့် ၂၃၅ လိုင်းမှ ဘီအမ်ယာဉ်တစ်စီး ထိုးစိုက်လာသည်။ ကားနေရာရရှိဖို့အရေး အပြေးကလေး တိုးတက်လိုက်သည်။ ကံကောင်းထောက်မစွာ မိုးပက်၍ ရေစိုနေကာ ထိုင်သူမရှိသည့်ခုံလွတ်တစ်နေရာတွင် အသင့်ပါလာသည့် ပလတ်စတစ်အိတ်ကလေးခင်းကာ ထိုင်ချလိုက်ပါသည်။

ကားနေရာရရှိသော်လည်း စိတ်မအေးရပါ။ ရှေ့ဂိတ်တွင် ခရီးသည်ရရှိရေး၊ နောက်မှလိုက်လာသည့်ကား ကျော်မတက်နိုင်ရေး အလုအယက်မောင်းနေကြသော ကြောင့် ကားက ဘယ်တိမ်း၊ ညာစောင်းဖြစ်နေသည်။ ခရီးသည်များ နှလုံးတုန်ရင်ခုန်လိုက်ခဲ့ကြရသည်။ တစ်စီးနှင့်တစ်စီး လုမောင်းနေကြသဖြင့် ပြိုင်ကားများလားဟုပင် ထင်မှားစရာ၊ ကားချင်းယှဉ်လုမောင်းကြရာမှ မီးပွိုင့်အရောက် မီးနီပြနေသဖြင့် ဘရိတ်ဆောင့်အုပ်လိုက်သည်။ နောက်ကလူ ရှေ့ရောက်၊ ရှေ့ကလူ တိမ်းမှောက်၊ ကားလက်ကိုင်တန်းဖြင့် ခေါင်းဆောင့်၊ ကျွန်ြေပျက်ကြရသည်။ ဒရိုင်ဘာကို ကြည့်လိုက်တော့ ဘာမှမဖြစ်သကဲ့သို့ မသိကျိုးကျွန်ပြုနေသည်။ မီးပွိုင့်တွင် ကားချင်းယှဉ်ရပ်လိုက်တော့ နောက်မှလိုက်လာသည့် ကားဒရိုင်ဘာကို ရှေ့ကားမှ ဒရိုင်ဘာက လှမ်းပြောလိုက်သည်။ **“မီအောင်ကြိုးစားလိုက်ဦးဟေ့၊ အီကြာကွေးရဲ့”** တဲ့ သူတို့စကားကြားလိုက်ရတော့ လန့်သွားမိတော့သည်။

ကျွန်တော်ပြောချင်သည်မှာ ယာဉ်မောင်းများ မိမိတို့ရှေ့တွင် ကပ်ထားသည့် **“သင့်အား သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန်အား စောင့်မျှော်နေသည်ကို သတိပြုပါ” “၁ နာရီ မိုင်(၂၀)ထက် မပိုရ” “ယနေ့ ယာဉ်တိုက်မှုလုံးဝမဖြစ်စေရ”** ဟူသည့် သတိပေးဆောင်ပုဒ်လေးကို ဖတ်ကော ဖတ်ကြရဲ့လား။ သတိထားဖတ်မိကြရင်ဖြင့် လိုက်နာကြမှာအမှန်ပါ။ ယာဉ်မောင်းများ သတ်မှတ်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းတွေကို မလိုက်နာသည့်အတွက် နေ့စဉ် မဖြစ်သင့်မဖြစ်ထိုက်သည့် ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်နေကြခြင်းဖြစ်သည်။

ဒီလို ယာဉ်မောင်းတွေ စည်းကမ်းမဲ့ မဆင်မခြင်မောင်းနှင်မှုကြောင့် အပြစ်မဲ့ ခရီးသွားပြည်သူများ အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးခဲ့ကြရသည်။ ဖြစ်ရပ်များကား နေ့စဉ်. . . . နေ့စဉ်။

၂၀-၇-၂၀၁၁ ရက်နေ့ နံနက် ၉း၄၅ နာရီက ဒဂုံတက္ကသိုလ်နှင့် လျှပ်စစ်ရုံး (EPC) အကြား မင်းရဲကျော်စွာလမ်းပေါ်တွင် ချက်ပလက်(၃၆) ယာဉ်လိုင်း(အဖြူ) သည် မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ကာ ရေမြောင်းထဲ ထိုးကျခဲ့သည်။ ကားပိ၍ သေဆုံးခဲ့ရသူတစ်ဦး၊ ဒဏ်ရာရသူ ၁၉ ဦး၊ ၂၃-၇-၂၀၁၁ ရက်နေ့ မွန်းတည့်ချိန်တွင် ဒဂုံတက္ကသိုလ်နှင့် ရန်ကုန်မြို့တွင်းပြေးဆွဲနေသည့် ယာဉ်(၂၃၅) လိုင်းမှ ဘီအမ် (BM)ယာဉ်တစ်စီး ကားချင်းယှဉ် လုမောင်းရာမှ ရွှေဂုံတိုင်မီးပွိုင့် အလွန် ဇီဝိတဒါနသံဃာ့ဆေးရုံရှေ့တွင် လမ်းမပေါ်သို့ ရှေ့ဘီးမြောက်တက်ပြီး အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရသဖြင့် အပြစ်မဲ့သူ အမျိုးသားခြောက်ဦး၊ အမျိုးသမီးကိုးဦးနှင့် သံဃာတစ်ပါးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကာ ခရီးသည် အမျိုးသမီးနှစ်ဦးနှင့် ယာဉ်နောက်လိုက်တစ်ဦး သေဆုံးခဲ့ရသည်။ ၂၉-၇-၂၀၁၁ ရက်နေ့ ည ၁၀ နာရီကျော် အရှေ့ပိုင်းခရိုင် မော်တော်ယာဉ်လိုင်းမှ အမှတ်(၁၆၂) ခရီးသည်တင် ဒိုင်နာယာဉ် မဆင်မခြင်မောင်းနှင်မှုကြောင့် လေးထောင့်ကန်လမ်း ဇဝနမှတ်တိုင်အနီးတွင် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ခရီးသည် ၁၅ ဦးဒဏ်ရာရရှိခဲ့ကြသည်။ အလားတူ ၂၉-၇-၂၀၁၁ ရက်နေ့ နံနက် ၇ နာရီခန့် မထသ(၄၃) ယာဉ်လိုင်းမှ စက်ရုံကြို/ပို့ယာဉ်အဖြစ် အမှတ်(၃)လမ်းဆုံဘက်မှ တညင်းကုန်းဘက်သို့ မောင်းနှင်လာစဉ် ခရေပင်လမ်းခွဲမီးပွိုင့်အရောက်တွင် မြောက်ပိုင်းခရိုင်(၁၃၂) ဟိုင်းလတ်ယာဉ်မှ ယာဉ်ပေါ်ပါခရီးသည်များအနက် ယာဉ်နောက်လိုက်အပါအဝင် အမျိုးသား ငါးဦး၊ အမျိုးသမီး လေးဦးဒဏ်ရာရရှိခဲ့ကြပြီး ဒဏ်ရာရရှိသူများထဲမှ ထောက်ကြန့်နေ အမျိုးသားတစ်ဦး ဦးခေါင်းထိခိုက်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့ရသည်။

ယာဉ်မောင်းအချို့၏ မဆင်မခြင်မောင်းနှင်နေမှုများကြောင့် နေ့စဉ်နှင့်အမျှ ယာဉ်တိုက်မှုများ၊ ယာဉ်တိမ်းမှောက်မှုများ ဖြစ်ပွားလျက်ရှိရာ ဖြစ်စဉ်အချို့ကို တင်ပြခြင်းသာဖြစ်ပါသည်။ သက်ဆိုင်ရာတာဝန်ရှိသူတို့က ယာဉ်စည်းကမ်းများ ထုတ်ပြန်ထားသည်။ အသိပညာပေးဟောပြောမှုများ ပြုလုပ်လျက်ရှိသည်။ **“မိုင်(၂၀)ထက်ပိုမမောင်းရ၊ သင့်မိဘ၊ ဇနီး၊ သားသမီးများက ဘေးမသီရန်မခဘဲ အိမ်ပြန်လာချိန်ကို စောင့်မျှော်နေကြသည်ကို သတိပြုပါ။ ယာဉ်ခေါင်မိုးပေါ်၊ ဘေးတွယ်၊ နောက်တွယ်မစီးရ။ ဆိုင်ကယ်စီးရာတွင် လူနှစ်ဦးထက်ပိုမစီးရ၊ ဆိုင်ကယ်ဦးထုပ်ကို မေးသိုင်းကြိုး သေချာစွာတပ်စီးရမည်။ လက်ဝဲဘက်မှ ယာဉ်ကျော်တက်ပါ၊ လက်ယာဘက်မှ ယာဉ်ကျော်မတက်ရ၊ ညအချိန်ရပ်နားလျှင် ဘေးမီးငယ်ကို ဖွင့်ထားပါ။ ယာဉ်ရပ်နားလျှင် လမ်း၏နံဘေး တစ်ပေအကွာတွင် ရပ်ပါ။ ယာဉ်တိုက်မှုဖြစ်ပါက ရဲစခန်း၊ ယာဉ်ထိန်းရဲသို့ ချက်ချင်းအကြောင်းကြားပါ။ ဒဏ်ရာရရှိသူရှိပါက ဆေးရုံသို့ အမြန်ပို့ပါ”** စသည်တို့သည် ယာဉ်မောင်းသူတိုင်း အလေးထားလိုက်နာကြရမည့် စည်းကမ်းချက်များဖြစ်ပါသည်။

ယာဉ်တိုက်မှု၊ ယာဉ်တိမ်းမှောက်မှုများဖြစ်ပွားသည့်အခါ သေကျေထိခိုက်ဆုံးရှုံးမှုများနှင့် ကြုံတွေ့ကြရသည်။ လူမှုရေးအရ ထိခိုက်ဆုံးရှုံးမှုများလည်း ရှိကြသည်။ ယာဉ်ပစ္စည်းပျက်စီးဆုံးရှုံးမှုများလည်း ရှိကြသည်။ ယာဉ်၏ စက်ကိရိယာပိုင်းဆိုင်ရာ ပျက်စီးဆုံးရှုံးမှုများကို မကြာခဏစစ်ဆေးကြရပါမည်။ ရာသီဥတုအချိန်အခါလိုက်၍ မောင်းနှင်စဉ် ဆင်ခြင်ရမည့်အချက်များလည်းရှိသည်။ ယာဉ်မောင်းသူတိုင်းက မိမိ၏ မဆင်မခြင်၊ စည်းမဲ့ကမ်းမဲ့ မောင်းနှင်မှုကြောင့် မိမိနှင့် ခရီးသွားပြည်သူများ ယာဉ်အန္တရာယ်မဖြစ်ပွားစေရေးအတွက် သတ်မှတ်ယာဉ်စည်းကမ်းများ အပြည့်အဝလိုက်နာမောင်းနှင်သွားသင့်ပါကြောင်းတိုက်တွန်းရေးသားလိုက်ရပါတော့သည်။ ။



## ပေးအပ်လှူဒါန်း

**မိဘများဖြစ်ကြသော ဒေါ်ခင်စန်း၊ ဒေါ်မြင့်သိန်းနှင့် ဦးငွေးမြင့်(ခ)ဦးတာတို့အား ရည်စူး၍ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်နေ ဗိုလ်မှူးချုပ်တင့်ဆွေ(ငြိမ်း)၊ ဦးဟန်သိန်းနှင့် သားသမီးမြေးတစ်စုတို့က ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)၌ ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီးတွင် အသုံးပြုရန် သံဃာလေးပါးစာ ခုတင်၊ မွေ့ရာ၊ ဗီရိုလေးစုံအတွက် အလှူငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။**

(ဇီဝိတဒါနသံဃာ့ဆေးရုံ)

## အထက သဲကုန်း အာစရိယပူဇော်ပွဲကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂**

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့ အထက ကျောင်းသား၊ ကျောင်းသူဟောင်းများက သက်ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီး ၇၆ ဦးတို့အား (၂၉)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ကျင်းပမည်ဖြစ်ရာ အောက်တိုဘာ ၁၁ ရက် နံနက် ၁၀ နာရီခွဲတွင် မိတ်ဆုံစားပွဲအား လည်းကောင်း၊ မွန်းလွဲ ၁ နာရီတွင် အာစရိယပူဇော်ပွဲအား လည်းကောင်း ကျောင်း၏ သာဓုခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပြီး ဦးခင်မောင်ထွန်း (ရန်ကုန်) ဖုန်း-၀၉-၅၁၁၃၅၈၇၊ ဦးဝင်းမြင့် (ရန်ကုန်) ဖုန်း-၀၉-၄၉၂၂၈၈၅၃၊ ဦးဇော်ဝင်း(ရန်ကုန်) ဖုန်း-၀၁-၅၉၀၂၁၈၊ ဦးသိန်းဇော်(မန္တလေး) ဖုန်း-၀၉-၆၈၀၆၁၁၃၊ ဦးဆွေမြင့် (နေပြည်တော်) ဖုန်း-၀၆၇-၄၂၁၇၆၄၊ ၄၁၀၅၁၈၊ ဦးငွေးလွင် (ပြည်) ဖုန်း-၀၅၃-၂၇၇၆၂၊ ဦးအေးလွင် (ပြည်) ဖုန်း-၀၅၃-၂၄၄၃၂ နှင့် ဦးတင်ဦး (သဲကုန်း) ဖုန်း-၀၉-၅၀၉၉၇၅၉၊ ၀၅၃-၆၂၀၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(ကြေးမုံ)



**ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် သာသနာ့နုဂ္ဂဟအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၁ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပရာ အသင်းဝင် အဆိုပြုလွှာများကို မြို့နယ်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်စိန်က ခရိုင်သာသနာ့နုဂ္ဂဟအသင်းဥက္ကဋ္ဌ ဦးမြင့်ထွန်းထံ ပေးအပ်ပြီး ဦးဝင်းလေးက အောင်ဆုမြတ်ပတ္ထနာဂါထာကို ရွတ်ဖတ်၍ ခရိုင်ဥက္ကဋ္ဌနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဆိုင်းဘုတ်ကို ဖွင့်လှစ်ပေးစဉ်။** (၆၃)

## ပြည်တွင်းဈေးကွက်စီးပွား

**ပြည်တွင်းပဲမျိုးစုံဈေးကွက်တွင် မတ်ပဲနှင့် ပဲတီစိမ်းဈေးကွက်တို့၏ ဈေးနှုန်းများ အတက်အကျ ရောထွေးလျက်ရှိသော်လည်း ပဲစင်းငုံ(နီ)ဈေးနှုန်းမှာမူ နှစ်ပတ်ဆက်တိုက် ဈေးနှုန်းကျဆင်းခဲ့ပြီး စားဖိုဆောင်သီးနှံဈေးကွက်များတွင် ဈေးကွက်လိုက်၍ ဈေးနှုန်းအမျိုးမျိုးဖြစ်ပေါ်ခဲ့သည်။**

***မတ်ပဲ*** ။ ။ မုံရွာဈေးကွက်မှာ ယခုအပတ်တွင် ငွေကျပ် ၆၀၀၀၀၀ အောက်သို့ ကျဆင်းခဲ့ပြီး မန္တလေးဈေးကွက်တွင်မူ တစ်တန်ဈေးနှုန်း ငွေကျပ် ၅၆၀၀၀၀ ဝန်းကျင်ခန့်သာရှိခဲ့သည်။ သို့သော် ပြည်ဈေးကွက်၌ ယခုအပတ်တွင် ငွေကျပ် ၆၀၀၀၀၀ အထိ ရှိလာခဲ့သည်။

***ပဲတီစိမ်း*** ။ ။ မုံရွာဈေးကွက်တွင် တစ်တန်ဈေးနှုန်း ငွေကျပ် ၅၉၆၀၀၀ ဝန်းကျင်ခန့် ပေါက်ဈေးရှိခဲ့သည်။ သို့သော် ယခင် တစ်တန်ဈေးနှုန်း ငွေကျပ် ၅၆၅၈၀၀ ရှိခဲ့သော မန္တလေး ဈေးကွက်မှာ ငွေကျပ် ၆၃၁၃၀၀ အထိ ရှိလာခဲ့ပြီး ပခုက္ကူနှင့်ဟသ်ာတတွင်မူ အတက်အကျမရှိ တည်ငြိမ်နေသည်။

***ပဲစင်းငုံ(နီ)*** ။ ။ မုံရွာဈေးကွက်မှာ ယခင် တစ်တန် ဈေးနှုန်း ငွေကျပ် ၄၉၀၀၀၀ နီးပါးရှိခဲ့ရာမှ ငွေကျပ် ၄၆၀၀၀၀ ဝန်းကျင်အထိလည်းကောင်း၊ မန္တလေးဈေးကွက်တွင် ငွေကျပ် ၄၈၀၀၀၀ ခန့်ရှိခဲ့ရာမှ ငွေကျပ် ၄၆၀၀၀၀ ခန့်အထိလည်းကောင်း၊ ပဲစင်းငုံ(နီ)တစ်တန်ဈေးနှုန်း ငွေကျပ် ၄၉၀၀၀၀ ခန့်ရှိခဲ့သော ပခုက္ကူဈေးကွက်မှာ ယခုအပတ်တွင် ငွေကျပ် ၄၆၂၀၀၀ ဝန်းကျင်အထိ လည်းကောင်း ဈေးနှုန်းများ ကျဆင်းခဲ့သည်။

***ကြက်သွန်နီ*** ။ ။ ရန်ကုန်၊ မန္တလေးနှင့် မုံရွာ ဈေးကွက်များတွင် ကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၇၀၀ နှင့် မကွေး ဈေးကွက်တွင် ငွေကျပ် ၆၀၀ တို့ဖြစ်သည်။

***ကြက်သွန်ဖြူ*** ။ ။ ရန်ကုန်နှင့် မန္တလေး ဈေးကွက်များတွင် တစ်ပိဿာဈေးနှုန်း ငွေကျပ် ၉၀၀၊ မကွေး ဈေးကွက်တွင် ငွေကျပ် ၁၂၀၀ နှင့် မုံရွာတွင် ငွေကျပ် ၁၆၀၀ အထိပေါက်ဈေးရှိကြောင်း သိရသည်။

**နိုင်လင်းကြည် - ကြေးမုံ**

## သွေးသည် အသက်

# အင်္ဂလန်တွင် အလိုအလျောက် စီးကရက်ရောင်းစက် ပိတ်ပင်



အလိုအလျောက်စီးကရက်ရောင်းစက်။ (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် အောက်တိုဘာ ၂**

အင်္ဂလန်တွင် ဆေးလိပ်သောက်တတ်သည့်ကလေးငယ်များ အရေအတွက် လျှော့ချနိုင်ရေးအတွက် အစိုးရက အလိုအလျောက်စီးကရက်ရောင်းချသောစက်များကို အောက်တိုဘာ ၁ ရက်က တားမြစ်ပိတ်ပင်ခဲ့သည်။

အဆိုပါ စက်များဖြင့် စီးကရက်ရောင်းချသည့်အတွက် ဖမ်းဆီးခြင်းခံရသူသည် ဒဏ်ငွေပေါင် ၂၅၀၀ (ဒေါ်လာ ၃၉၀၀)ပေးဆောင်ရမည်ဖြစ်သည်။ အရက်ဆိုင်များနှင့် ကလပ်များတွင် ယင်းစက်များကိုတွေ့ရလေ့ရှိပြီး အရက်ဆိုင်များ၌ အရက်ကောင်တာမှနေ၍ စီးကရက်များကို ရောင်းချနိုင်ဆဲဖြစ်သည်။

**ကျန်းမာရေးကိုစိန်ခေါ်**

ဆေးလိပ်သောက်ခြင်းသည် ပြည်သူ့ကျန်းမာရေးကိုအကြီးမားဆုံးစိန်ခေါ်နေသော အခြင်းအရာတစ်ခုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး အန်ဒရူးလန်း(စ်)လေးက ပြောသည်။

အင်္ဂလန်၌ လူဦးရေရှစ်သန်းကျော် (၁၅ ရာခိုင်နှုန်း)ခန့်သည် ဆေးလိပ်သောက်သုံးတတ်ပြီး ဆေးလိပ်ကို အခြေခံဖြစ်ပွားသည့် ရောဂါဘယများကြောင့် နှစ်စဉ် ၈၀၀၀၀ ကျော် သေဆုံးလျက်ရှိသည်။ စီးကရက်ရောင်းသောစက်များကို ကြီးကြပ်ကွပ်ကဲခြင်းမရှိသဖြင့် ကလေးများသည် ယင်းစက်များမှ အလွယ်တကူဝယ်ယူရရှိလျက်ရှိသည်ဟုဆိုသည်။

အလိုအလျောက် စီးကရက်ရောင်းချသည့်စက်များကို ပိတ်ပင်ထားခြင်းဖြင့် ကလေးများစီးကရက်သောက်သုံးမှုကို ကာကွယ်နိုင်မည်ဖြစ်ကြောင်း၊ လူငယ်လူရွယ်များ ဆေးလိပ်သောက်သည့်အလေ့အကျင့် စတင်ခြင်းမပြုနိုင်ရေးလိုအပ်သည့်နည်းလမ်းမှန်သမျှကို ကျင့်သုံးသွားမည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးကပြောကြားခဲ့သည်။

**ဝယ်ယူရရှိနေ**

အင်္ဂလန်တွင် နှစ်စဉ်ဆေးလိပ်စတင်သောက်သုံးသည့် လူငယ် ၂၀၀၀၀၀ ခန့်ရှိကြောင်း ဆေးလိပ်ကိုအမြဲသောက်သူများ၏ ၁၁ ရာခိုင်နှုန်းသည် အသက် (၁၁)နှစ်နှင့် (၁၅)နှစ်ကြား လူငယ်များဖြစ်ကြောင်း၊ ၎င်းတို့သည် စီးကရက်များကို အလိုအလျောက် စီးကရက်ရောင်းချသည့်စက်မှ ဝယ်ယူရရှိခြင်းဖြစ်ကြောင်း ဗြိတိသျှ နှလုံးဖောင်ဒေးရှင်းက ပြောသည်။

ဗြိတိန်၌ အသက်အားဖြင့် (၁၈)နှစ်အောက်ရှိသူ မည်သူ့ကိုမဆို ဆေးလိပ်ရောင်းချခြင်းသည် တရားမဝင်သောကိစ္စဖြစ်သည်။

**ရိုက်တာ။**



အန်ဝါအယ်လ်အော်လာကီ

## ယီမင်တွင် စီအိုင်အေ မောင်းသူမဲ့လေယာဉ်တိုက်ခိုက် အော်လာကီသေဆုံး

**ဆာနာ(ယီမင်) အောက်တိုဘာ ၂**

ယီမင်နိုင်ငံ တောင်ကုန်းတောင်တန်းများထူထပ်သော နယ်စွန်ဒေသ၌ စက်တင်ဘာ ၃၀ ရက်က အမေရိကန်ဗဟိုထောက်လှမ်းရေးအဖွဲ့(စီအိုင်အေ)၏ မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် အမေရိကန်ပြည်ထောင်စုဖွား ယီမင် အယ်လ်ခိုင်ဒါအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ အန်ဝါအယ်လ် အော်လာကီ သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အော်လာကီ သေဆုံးခြင်းသည် ယီမင်အခြေစိုက် အာရေဗျကျွန်းဆွယ် အယ်လ်ခိုင်ဒါအဖွဲ့(အေကျူအေပီ)အတွက် အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောနိုင်သည့် စကားပြောကောင်းသော ဝါဒဖြန့်ချိရေးသမားတစ်ဦး ဆုံးရှုံးခြင်းဖြစ်သည်။

၎င်းသည် အမေရိကန်ပြည်ထောင်စုအတွင်း ဖြစ်ပွားခဲ့သော အကြမ်းဖက်တိုက်ခိုက်မှုများ၌ ပါဝင်ပတ်သက်နေသူဖြစ်သည်။

**အကျိုးရှိလာစေနိုင်**

အော်လာကီ သေဆုံးခဲ့ခြင်းကြောင့် အမေရိကန်သမ္မတ ဘာရက်အိုဘားမားနှင့် ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလက်တို့အတွက် အကျိုးကျေးဇူးများ ရှိလာစေနိုင်သည်။

မေလအတွင်းက အော်လာကီကိုပစ်မှတ်ထား၍ အမေရိကန်မောင်းသူမဲ့လေယာဉ်က တိုက်ခိုက်ခဲ့သော်လည်း လွတ်မြောက်သွားခဲ့သည်။

အကြမ်းဖက်သမား အန်ဝါအယ်လ်အော်လာကီသည် ၎င်း၏ မိတ်ဆွေအချို့နှင့်အတူ သေဆုံးသွားပြီဖြစ်ကြောင်း၊ ၎င်းခိုအောင်းနေသည့် နေရာကို ဖမ်းဆီးခံခဲ့ရသည့် အေကျူအေပီစစ်သွေးကြွတစ်ဦးထံမှ သတင်းရရှိခဲ့ကြောင်း ယီမင်ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အော်လာကီသည် အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ်နေ ယီမင်နိုင်ငံသားမိဘများမှ မွေးဖွားခဲ့သူဖြစ်သည်။ ယီမင်နိုင်ငံရှိ အယ်လ်ခိုင်ဒါအဖွဲ့ အမေရိကန်ပြည်ထောင်စုကို အခြိမ်းခြောက်နိုင်ဆုံးအဖွဲ့အဖြစ် ပြောင်းလဲရာ၌ အော်လာကီသည် အဓိကနေရာမှ ပါဝင်ခဲ့သူဖြစ်သည်။

**ရိုက်တာ။**



## အာဖဂန်နစ္စတန်တွင် ဟက်ကာနီထိပ်ပိုင်းခေါင်းဆောင်တစ်ဦးကို နေတိုးဖမ်းမိ

**ကဘူး အောက်တိုဘာ ၂**

အာဖဂန်နစ္စတန်နိုင်ငံအတွင်း၌ လှုပ်ရှားနေသည့် အယ်လ်ခိုင်ဒါနှင့် တာလီဘန်အကြမ်းဖက်အဖွဲ့များ၏ မိတ်ဖက် ဟက်ကာနီ အကြမ်းဖက်အုပ်စုမှ ထိပ်ပိုင်းခေါင်းဆောင်တစ်ဦးကို မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့(နေတိုး)က ဖမ်းဆီးနိုင်ခဲ့ကြောင်း အေပီသတင်းဌာနက စနေနေ့တွင် ဖော်ပြသည်။

**ဖမ်းမိခဲ့ခြင်းဖြစ်**

ပါကစ္စတန်နိုင်ငံနှင့် နယ်နိမိတ်ချင်း ထိစပ်နေသော ပတ်တီယာပြည်နယ်အရှေ့ပိုင်းတွင် စစ်ဆင်ရေးဆောင်ရွက်နေသော နေတိုးတပ်ဖွဲ့ဝင်များက ဟက်ကာနီခေါင်းဆောင် ဟတ်ချ်မာလီခန်ကို ဖမ်းမိခဲ့ခြင်းဖြစ်ကြောင်း နေတိုးက စနေနေ့တွင် ကြေညာခဲ့သည်။

ဟတ်ချ်မာလီခန်သည် အသက်အရွယ်ထောက်လာပြီဖြစ်သော ဟက်ကာနီအုပ်စု၏ ခေါင်းဆောင် ဂျာလာလက်ဒင် ဟက်ကာနီ၏ သားနှစ်ဦးဖြစ်သည့် ဆာဂျေးနှင့် ဘာဒတ်ဒင် ဟက်ကာနီတို့၏ ဦးလေးတော်စပ်ကြောင်း နေတိုးကပြောသည်။

ပါကစ္စတန်နိုင်ငံတွင် အခြေစိုက်သည့် ယင်းအကြမ်းဖက်အုပ်စုသည် အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးကို အကြီးမားဆုံး ခြိမ်းခြောက်သည့်အဖွဲ့ဖြစ်သကဲ့သို့ တာလီဘန်နှင့် အယ်လ်ခိုင်ဒါ အုပ်စုနှစ်စုလုံးနှင့် လက်တွဲနေသောအဖွဲ့ဖြစ်သည်။

**ရိုက်တာ။**

ပတ်တီယာပြည်နယ်တွင် လုံခြုံရေးဆောင်ရွက်နေသော အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များကိုစဉ်။ (ဓာတ်ပုံ-အင်တာနက်)



## အာဖဂန်ငြိမ်းချမ်းရေးခေါင်းဆောင်ကို လုပ်ကြံသူသည် ပါကစ္စတန်နိုင်ငံသားဟုဆို

**ကဘူး အောက်တိုဘာ ၂**

စုံစမ်းစစ်ဆေးမှုများမှ ရရှိထားသော အထောက်အထားများအရ တာလီဘန်အဖွဲ့နှင့် စေ့စပ်ဆွေးနွေးနေသည့် ငြိမ်းချမ်းရေးကောင်စီခေါင်းဆောင် ဘာဟာနဒ်ဒင်ရက်ဘာနီကို လုပ်ကြံခဲ့သူသည် ပါကစ္စတန်နိုင်ငံသားဖြစ်ကြောင်း အာဖဂန်အစိုးရက တနင်္ဂနွေနေ့တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

ရက်ဘာနီကို လုပ်ကြံသတ်ဖြတ်ရန်အတွက် ပါကစ္စတန်နိုင်ငံ ကွယ်ယက်ကာမြို့မှ စီစဉ်ခြင်းဖြစ်ကြောင်း အထောက်အထားများ ရရှိထားပြီဖြစ်သည်ဟု အာဖဂန်အစိုးရ ကြေညာချက်တွင် ဖော်ပြထားသည်။

ရက်ဘာနီကို စက်တင်ဘာ ၂၀ ရက်တွင် တာလီဘန်ငြိမ်းချမ်းရေးကိုယ်စားလှယ်အဖြစ် အယောင်ဆောင်ထားသော အသေခံဗုံးခွဲ တိုက်ခိုက်ရေးသမားတစ်ဦးက ဗုံးခွဲလုပ်ကြံခဲ့ခြင်းဖြစ်သည်။

ပါကစ္စတန်အစိုးရသည် စစ်သွေးကြွအုပ်စုများအား ကူညီနေကြောင်း အာဖဂန်အစိုးရက မကြာခဏ စွပ်စွဲပြောကြားခဲ့သည်။ သို့ရာတွင် ပါကစ္စတန်အစိုးရက အဆိုပါစွပ်စွဲချက်ကို ငြင်းဆိုခဲ့သည်။

**ရိုက်တာ။**



ရဟတ်ကို တိုက်မိသော လေယာဉ်ငယ် ရဟတ်၌ ချိတ်မိနေစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## ဩစတြေးလျတွင် ချားရဟတ်ကို လေယာဉ်ငယ် ဝင်တိုက်မိ

**ကန်ဘာရာ အောက်တိုဘာ ၂**

ဩစတြေးလျနိုင်ငံ အရှေ့ပိုင်း၌ ကျင်းပလျက်ရှိသည့် ကျေးလက်ပွဲတော်တစ်ခုတွင် ချားရဟတ်တစ်ခုကို လေယာဉ်ငယ်တစ်စင်း ဝင်တိုက်မိရာ ရဟတ်ပေါ်၌ ကလေးနှစ်ဦး၊ လေယာဉ်ပျံအတွင်း၌ လူကြီးနှစ်ဦး နာရီပိုင်းကြာသည်အထိ ပိတ်မိနေကြောင်း၊ တစ်စုံတစ်ဦးမျှ စိုးရိမ်ဖွယ်ရာ ဒဏ်ရာအပြင်းအထန် မရကြကြောင်း အောက်တိုဘာ ၂ ရက် သတင်းများတွင်ဖော်ပြသည်။

**ဝင်တိုက်မိ**

ဆစ်ဒနီမြို့၏ မြောက်ဘက်မိုင် ၂၂၀အကွာရှိ အိုးဗားဟုခေါ်သော ပင်လယ်ကမ်းခြေရွာ၏ နှစ်စဉ် ကျင်းပမြဲသုံးရက်ကြာပွဲတော် ပထမဆုံးနေ့ နံနက်ပိုင်း၌ပင် ချီးတားအက်စ် ၂၀၀ လေယာဉ်က ချားရဟတ်၏ ကိုယ်ထည်ကို ဝင်တိုက်မိကြောင်း၊ ရဟတ်သည် ပြိုကျမသွားကြောင်း မီးသတ်ဌာနပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ချားရဟတ်၏ ထိပ်ဆုံးသို့ရောက်နေသော ထိုင်ခုံအတွင်း၌ ကိုးနှစ်အရွယ် ယောကျာ်းလေးတစ်ဦးနှင့် (၁၃)နှစ်အရွယ် မိန်းကလေးတစ်ဦး ပိတ်မိနေကြောင်း၊ ယင်းတို့အနီး၌ လေယာဉ်ပျံမှာ ပျက်စီးပြီး ရဟတ်၏ကိုယ်ထည်၌ ချိတ်မိနေကြောင်း၊ ယင်းဖြစ်စဉ်သည် ကယ်ဆယ်ရေးသမားများ ရောက်လာသည်အထိ မိနစ် ၉၀မျှ ကြာမြင့်ခဲ့ကြောင်း ရဲတပ်ဖွဲ့၏ ကြေညာချက်၌ ဖော်ပြ သည်။

မြေပြင်အထက် ပေ ၃၀ကျော်အမြင့်၌ရှိ ချိတ်မိနေခဲ့သည့် လေယာဉ်ပျက်အတွင်း အသက် (၅၂)နှစ်ရှိ လေယာဉ်မောင်းသူနှင့် (၃၂)နှစ်ရှိ ခရီးသည်တစ်ဦးတို့မှာ ၃ နာရီ နီးပါးမျှ နေခဲ့ရသည်ဟု ရဲတပ်ဖွဲ့ကပြောကြားခဲ့သည်။

ကယ်ဆယ်ရေးသမားများက ၎င်းတို့ကို ဝန်ချီစက်များ အသုံးပြု၍ ကယ်ဆယ်ခဲ့ရသည်ဟု ဆိုသည်။

လေယာဉ် ရဟတ်ကို ဝင်တိုက်မိချိန်မှ ရဟတ်အားမြင်ခဲ့ရကြောင်း လေယာဉ်မောင်းက ဝန်ခံသည်။

**ရိုက်တာ။**

# လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရန် Star မော်တော်ဆိုင်ကယ်များ လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၂**

မကွေးတိုင်းဒေသကြီး ရေနံချောင်း စက်မှုဇုန် ရွှေနဂါး စက်မှုလက်မှုကုမ္ပဏီ Star မော်တော်ဆိုင်ကယ်နှင့် လယ်ယာသုံးကိရိယာ ထုတ်လုပ်ရေးလုပ်ငန်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ လူမှုရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် မော်တော်ဆိုင်ကယ်ငါးစီး ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ရှေးဦးစွာ အလှူရှင် ရေနံချောင်း မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ဝင်းမော်ထွန်းက လှူဒါန်းရခြင်းအကြောင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး Star မော်တော်ဆိုင်ကယ် ငါးစီးကို ပေးအပ်လှူဒါန်းရာ **(အပေါ်ပုံ)**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေက လက်ခံကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ပြီး ကျေးဇူးတင်စကား ပြောကြားသည်။ (သတင်းစဉ်)

# မြန်မာ့အာမခံနှင့် ဘဏ်သမိုင်းတစ်လျှောက် ပထမဆုံး အပ်ငွေအာမခံအမျိုးအစားကို အောက်တိုဘာ ၁ ရက်မှ စတင်ဝန်ဆောင်မှုပေး

ရန်ကုန် အောက်တိုဘာ ၂

**မြန်မာ့အာမခံသမိုင်းတစ်လျှောက်နှင့် ဘဏ်သမိုင်းတစ်လျှောက်တွင် ပထမဆုံး စတင်ဝန်ဆောင်မှုပေးမည့် အပ်ငွေအာမခံအမျိုးအစားကို ၂၀၁၁ ခုနှစ် အောက်တိုဘာ ၁ ရက်မှစတင်၍ ဝန်ဆောင်မှုပေးလျက်ရှိပြီး ဘဏ်များအားလုံး အပ်ငွေအာမခံ စတင်ထားရှိရမည်ဖြစ်ကြောင်း မြန်မာ့အာမခံလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ခဲ့ပြီး အောက်တိုဘာ ၁ ရက်မှစတင်၍ ဘဏ်များအားလုံး အပ်ငွေအာမခံထားရှိကြရတော့မည်ဖြစ်သည်။ အပ်ငွေအာမခံသည် ဘဏ်များက ထားရှိကြရမည်ဖြစ်ပြီး ဘဏ်များတွင် လာရောက်အပ်နှံမည့် ငွေအပ်နှံသူများကို အကာအကွယ်ပေးသော အာမခံအမျိုးအစားဖြစ်သည်။ ငွေအပ်နှံသူများ၏ အပ်နှံငွေ ကျပ်တစ်သိန်းမှ ကျပ်ငါးသိန်း အထိကို အာမခံအကာအကွယ်ပေးမည်ဖြစ်ပြီး လူလတ်တန်းစားများနှင့် အောက်ခြေလူတန်းစားများ၏အပ်နှံငွေများကို အကာအကွယ်ပေးမည်ဖြစ်သည်။ တစ်စုံတစ်ရာ ဆုံးရှုံးမှုဖြစ်ခြင်း၊ ဘဏ်များဒေဝါလီခံရခြင်းတို့ ဖြစ်ပေါ်ပါက လျော်ကြေးငွေ ပြန်လည်ရရှိမည်ဖြစ်သည်။

အပ်ငွေအာမခံ စတင်အကောင်အထည်ဖော်ခြင်း၏ အဓိက ရည်ရွယ်ချက်မှာ ဘဏ်များအပေါ်တွင် ယုံကြည်မှုပိုရှိလာစေရန်၊ ဘဏ်လုပ်ငန်းများကို အထောက်အကူပြုစေရန်နှင့် ဘဏ်စနစ်ကောင်းမွန်စေခြင်းဖြင့် နိုင်ငံစီးပွားရေးကို အထောက်အကူပြုစေရန် ဖြစ်ကြောင်း သိရသည်။ ယခင်က ဘဏ်များသည် ပိုင်ဆိုင်သည့် အဆောက်အအုံများ၊ ငွေပို့ငွေလွှဲများအတွက်သာ အာမခံထားရှိခဲ့ကြပြီး အပ်ငွေအာမခံကို ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ကြောင်း သိရသည်။ မြန်မာ့အာမခံလုပ်ငန်းသည် လက်ရှိဝန်ဆောင်မှုပေးလျက်ရှိသော အာမခံအမျိုးအစားပေါင်း ၄၆ မျိုးအပြင် ယခုနှစ်တွင် အသစ်ထပ်မံဝန်ဆောင်မှုပေးလာသော အာမခံအမျိုးအစားအသစ် တစ်မျိုးလည်း ဖြစ်သည်။

အပ်ငွေအာမခံအတွက် ဘဏ်များက ပေးသွင်းရမည့် ပရီမီယံကြေးမှာ ဒေသတွင်းနိုင်ငံများတွင် ဆောင်ရွက်နေသော စံနှုန်းများ၊ နှုန်းထားများနှင့် ညှိနှိုင်းကာ ကောက်ခံသွားမည်ဖြစ်သည်။ အပ်ငွေအာမခံကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနက် ၁၀၆ နိုင်ငံတွင် ဆောင်ရွက်ပေးလျက်ရှိပြီး မြန်မာနိုင်ငံသည်လည်း ၁၀၇ နိုင်ငံမြောက် ဝန်ဆောင်မှုပေးလာနိုင်သည့် နိုင်ငံတစ်ခုဖြစ်သည်။ (ဝဝ၁)

# သက်တမ်းလွန်ယာဉ်များနေရာတွင် နိုင်ငံခြားမှ ယာဉ်သစ်ကြီးများနှင့် အစားထိုးပြေးဆွဲမည်

ရန်ကုန် အောက်တိုဘာ ၂

**ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီအောက်ရှိ မော်တော်ယာဉ်လိုင်းပေါင်း ၁၄၁ လိုင်းက ယာဉ်စီးရေ ၂၄၂၇ စီးဖြင့် ခရီးသွားပြည်သူများ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ဝန်ဆောင်မှုပေးလျက်ရှိသည်။**

၂၀၁၁ ခုနှစ် စက်တင်ဘာ ၁၀ ရက်စွဲပါ သတ်တမ်းလွန်ယာဉ်များ ဖျက်သိမ်းရေး စီမံချက်အရ ရန်ကုန်တိုင်းဒေသကြီး (မထသ) ယာဉ်လိုင်းများမှ နှစ် (၄၀) ကျော် သက်တမ်းရှိ (စ၊ ဆ၊ ဇ) အက္ခရာ ယာဉ်များဖြစ်သည့် စစ်ကျန်ဘတ်စ် ၃၄၄ စီး၊ ဘီအမ် ၂၈ စီး၊ ရိန်းဂျား သုံးစီး၊ ကားလတ် ခုနစ်စီး၊ နှစ် (၃၀)မှ (၃၉)နှစ် အတွင်းရှိ (ဈ၊ ည) အက္ခရာယာဉ်များ ဖြစ်သည့် ဘီအမ် လေးစီး၊ ရိန်းဂျား လေးစီး၊ ကားလတ် ခြောက်စီး၊ ဟိုင်းလပ်စ် သုံးစီး၊ အနှစ်(၂၀)မှ (၂၉)နှစ်အတွင်းရှိ (ဏ၊ ထ၊ ဒ၊ ဓ၊ န၊ ပ) အက္ခရာယာဉ်များ ဖြစ်သည့် စစ်ကျန်ဘတ်စ် ငါးစီး၊ ကားလတ် ၁၈ စီး၊ ဟိုင်းလပ်စ် ၁၄၉ စီး စုစုပေါင်း ၅၇၁ စီးမှာ ဖျက်သိမ်းရတော့မည်ဖြစ်သည်။



**မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံထိန်းသိမ်းရေးကော်မတီ (ရန်ကုန်တိုင်းဒေသကြီး)နှင့် မော်တော်ယာဉ်ပိုင်ရှင်များ တွေ့ဆုံပွဲအခမ်းအနား ကျင်းပစဉ်။** (သတင်းစဉ်)

ယင်းသို့ ဖျက်သိမ်းရာတွင် ယာဉ်ပိုင်ရှင်များ၊ ယာဉ်လုပ်သားများ၏ စိုးရိမ်ပူပန်မှုများ၊ အခက်အခဲများနှင့် စပ်လျဉ်း၍ အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီတွင် (ရန်ကုန်တိုင်းဒေသကြီး) မထသနှင့် မော်တော်ယာဉ်ပိုင်ရှင်များ တွေ့ဆုံဆွေးနွေးခဲ့ပြီး မော်တော်ယာဉ်ပိုင်ရှင်များက သိလိုသည်များကို မေးမြန်းကြသည်။

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းထွဋ်က (မထသ) အောက်ရှိ ယာဉ်လိုင်းများမှ သက်တမ်းလွန် မော်တော်ယာဉ် ၅၇၁ စီးကို သတ်မှတ်စည်းကမ်းများနှင့်အညီ (ကညန) သို့ အပ်နှံကြရမည်ဖြစ်ကြောင်း၊ အပ်နှံလိုက်သည့် မော်တော်ယာဉ်များနေရာတွင် အခြားယာဉ်လိုင်းများမှ ယာဉ်များဖြင့် လောလောဆယ် အစားထိုးပြေးဆွဲရန် စီမံချက် ရေးဆွဲထားပြီးဖြစ်ကြောင်း၊ သက်တမ်းလွန်ယာဉ်ပိုင်ရှင်များအနေဖြင့် မိမိဆန္ဒဖြင့် ကားအပ်နှံဝယ်ယူနိုင်ကြောင်း၊ မထသ (ရန်ကုန်တိုင်းဒေသကြီး) အနေဖြင့်လည်း မော်တော်ယာဉ်သစ်ကြီးများကို နိုင်ငံခြားကုမ္ပဏီများနှင့် ဆက်သွယ်၍ သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူ အစားထိုးပြေးဆွဲနိုင်ရေး၊ ငွေကြေးမလုံလောက်သည့် ယာဉ်ပိုင်ရှင်များကို မထသ (ရန်ကုန်တိုင်းဒေသကြီး)မှ သက်သာသော အတိုးနှုန်းဖြင့် ငွေထုတ်ချေးပေးနိုင်ရေး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့ တင်ပြညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

(စိုးမင်း-သတင်းစဉ်)

# ဒဂုံမြို့သစ်(အရှေ့ပိုင်း)၌ မီးလောင်မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၂**

စက်တင်ဘာ ၂၈ ရက်က ရန်ကုန်မြို့၌ မိုးအဆက်မပြတ်ရွာသွန်းနေသည့်အချိန်တွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း) စက်မှုဇုန်၌ မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်ပွားပုံမှာ စက်တင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီ ၅၅ မိနစ်တွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း) စက်မှုဇုန် (၁၀၈) ရပ်ကွက် ပြင်စည်မင်းသားကြီးလမ်း အမှတ်(၅၆/၅၇) (B) ရွှေခေတ်ရော်ဘာကြိတ်စက်ရုံရှိ ပေ(၂၀၀ × ၁၀၀) သွပ်မိုး၊ သွပ်ကာ၊ ကွန်ကရစ်ခင်း အဆောက်အအုံတွင် ဝရိန်ဆော်ရာမှ ပေ(၂၀ × ၈၀) အကျယ်ရှိ ရော်ဘာပေါင်းအိုးဘေးတွင်ထားရှိသော ရော်ဘာပုံပေါ်သို့ မီးပွားကျရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာ ငွေကျပ် နှစ်သိန်းဖိုးခန့် ဆုံးရှုံးသွားသည်။

မီးလောင်ရာသို့ မီးသတ်ယာဉ် ၂၂ စီး၊ အုပ်ချုပ်မှုယာဉ် ခုနစ်စီး သန္ဓေမီးသတ် ၁၀၁ ဦးနှင့် အရန်မီးသတ် ၅၅ ဦးတို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးမှာ မွန်းလွဲ ၁ နာရီ မိနစ်၂၀ တွင် ငြိမ်းသွားကြောင်း သိရသည်။

(ကိုကြီးသာ)

# မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၃-၁၀-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညိုမင်း၊ တေးရေး-ဗိုလ်ကလေးတင့်အောင်)
- ၇း၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
- ၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈း၂၀ ၈။ ချစ်စရာ့အရွယ် ကကြိုးသွယ်
- ၈း၂၅ ၉။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ(၅-၁၀) အဆင့်] (အမျိုးသမီး)
- ၈း၄၀ ၁၀။ International News
- ၈း၄၅ ၁၁။ တေးဂီတအစီအစဉ်
- ၉း၀၀ ၁၂။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၀၅ ၂။ အကပတေသာ
- ၄း၁၀ ၃။ တေးဂီတအစီအစဉ်
- ၄း၂၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၂၅ ၅။ တေးဂီတအစီအစဉ်(မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
- ၄း၃၅ ၆။ "ဖွားချို" (စံရှားတင်၊ ဝါးခယ်မရဲမောင်) [ဒါရိုက်တာ-ခင်ဇော်(ကေသီပန်)]
- ၅း၀၀ ၇။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (ကာလပေါ်တေးနှင့် ခေတ်ဟောင်းတေး) [အခြေခံပညာ(၅-၁၀) အဆင့်] (အမျိုးသမီး)
- ၅း၁၀ ၈။ (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး အဆိုပြိုင်ပွဲဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြု ဆွေးနွေးခန်း
- ၅း၂၅ ၉။ မြန်မာတေးသံရှင်ရွေးချယ်ပွဲ
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၇း၀၀ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ကြမ္မာ" (ဒုတိယပိုင်း)(အပိုင်း-၄)**
- ၈း၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ ကမ္ဘာကျော်သရုပ်ဆောင်များ
- ၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပန်းသုံးပွင့်ရဲ့ ဒိုင်ယာရီ" (အပိုင်း-၁၅)**
- ၁၉။ **အိန္ဒိယရုပ်ရှင် "အိမ်ထောင်ဟူသည်" (အပိုင်း-၁)**
- ၂၀။ အစီအစဉ်ပြီး၏။

# တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၌ စိုက်ပျိုးစရိတ်ချေးငွေ ဖြည့်စွက်ထုတ်ချေး

**မြိတ် အောက်တိုဘာ ၂**

ဒေသအတွင်းရှိ မိုးစပါးစိုက်တောင်သူများ၏ သီးနှံအထွက်နှုန်းတိုးတက်ပြီး လယ်ယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် ၂၀၁၁ မိုးစပါးငွေချေးတောင်သူများအား တစ်ဧကကျပ် ၂၀၀၀၀ ဖြည့်စွက်ထုတ်ချေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၂ ရက်က မြိတ်ဘဏ်ခွဲ၌ ကျင်းပရာ မြိတ်မြို့နယ် ပြင်းငယ်ကျေးရွာအုပ်စုနှင့် စလွန်းကျေးရွာအုပ်စုမှ တောင်သူ ၁၁၂ ဦးတို့သို့ ချေးငွေကျပ် ၁၅၄ ဒသမ ၂၀ သိန်းကို ခရိုင်မန်နေဂျာ ဦးရွှေဟိုက တောင်သူတစ်ဦးချင်းထံ ထုတ်ချေးပေးခဲ့ကြောင်း သိရှိရသည်။

မြိတ်ခရိုင်အနေဖြင့် ၂၀၁၁ မိုးစပါးချေးငွေကို တစ်ဧကကျပ် ၂၀၀၀၀ နှုန်းဖြင့် မြိတ်မြို့နယ်သို့ ငွေကျပ်သိန်း ၃၁၀၀၊ ပုလောမြို့နယ်သို့ငွေကျပ် ၂၇၄၇ ဒသမ ၆၀ သိန်း၊ ကျွန်းစုမြို့နယ်သို့ ငွေကျပ်သိန်း ၆၀၀ နှင့် တနင်္သာရီမြို့နယ်သို့ ငွေကျပ် ၇၆၂ ဒသမ ၆၀ သိန်း စုစုပေါင်းချေးငွေကျပ် ၇၂၁၀ ဒသမ ၂၀ သိန်းကို စိုက်ပျိုးရာသီအစတွင် ထုတ်ချေးပေးခဲ့ပြီး ထပ်မံ၍ချေးငွေကျပ် ၇၂၁၀ ဒသမ ၂၀ သိန်းဖြည့်စွက်ထုတ်ချေးရန် ဆောင်ရွက်လျက်ရှိသဖြင့် မိုးစပါးချေးငွေတစ်ဧက ငွေကျပ် ၄၀၀၀၀ နှုန်း ထုတ်ချေးခဲ့ကြောင်း သိရှိရသည်။ (နီနီချို-မြိတ်)

## သတိပြုဆင်ခြင်စရာ မှုခင်းအဖြာဖြာ

# ရွှေဘိုမှာလာခိုးတဲ့ သူခိုးနှစ်ယောက် ထောင်ဒဏ်အပြစ်ပေးလိုက်ပြီ

**ရွှေဘို အောက်တိုဘာ ၂**

စက်တင်ဘာ ၅ ရက်က ရွှေဘိုမြို့ ကြွယ် လျှပ်စစ်ပစ္စည်းအရောင်းဆိုင်မှာ သိန်း ၂၀ ခိုးယူသွားသည့် တူရကီနိုင်ငံသားနှစ်ယောက်၏သတင်းကို ဖော်ပြခဲ့ပြီးဖြစ်သည်။ အဲဒီကိစ္စဟာ ပိပိရိရိ လုပ်သွားတဲ့ကိစ္စဖြစ်လို့ အမှုမှန်ပေါ်ပေါက်ရေးအတွက် လုပ်ရတဲ့သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ခက်ခက်ခဲခဲ လုပ်ရပါတယ်။ ရွှေဘိုခရိုင်ဒုတိယရဲမှူးကြီး အေးသန်း၊ မြို့နယ်ရဲတပ်ဖွဲ့ ဒုတိယရဲမှူး နေဝင်း၊ စခန်းမှူးကျော်ဆွေတို့ မနားမနေကြိုးစားဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံခြားသားလည်းဖြစ်၊ လုပ်ဆောင်သွားမှုကလည်း ပိရိ၊ လွဲချော်သွားရင် ကိုယ့်အပေါ်တောင် ပြန်ပတ်နိုင်တဲ့ ဒီလိုကိစ္စမျိုးကို ကိုင်တွယ်ရတာ မလွယ်ပါဘူး။ ဒါပေမယ့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဟာ မြန်မာနိုင်ငံသားတွေရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နည်းနည်းမှ ဖွဲမလျှော့ဘဲ ရွှေဘို၊ မန္တလေး၊ နေပြည်တော် စုန်ဆန်သွားလာပြီး ရရှိတဲ့သတင်းအချက်အလက်တွေကို အချိန်နဲ့တစ်ပြေးညီ ထိထိမိမိအသုံးချနိုင်ခဲ့တဲ့အတွက် နောက်ဆုံးရာဇဝတ်ဘေးပြေးမလွတ်ဆိုတဲ့ ဆိုထုံးနဲ့အညီ ရာဇဝတ်သားနှစ်ယောက်ကို ဖမ်းဆီးခေါ်ဆောင်ပြီး ရွှေဘိုမြို့နယ် တရားရုံးမှာ အမှုစွဲဆိုတင်ပို့နိုင်ခဲ့ပါတယ်ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရွှေဘိုမြို့နယ် တရားရုံး၏ စစ်ဆေးချက်များအရ အပြစ်ရှိကြောင်း တွေ့ရှိရသည့်အတွက် စက်တင်ဘာ ၂၇ ရက်က တရားခံတူရကီနိုင်ငံသားများဖြစ်ကြသည့် မာမက်အလီတော့ပ်ကူး (MEHMET ALI TOPCU) (၄၄)နှစ်ကို ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀ အရ အလုပ်နှင့်ထောင်ဒဏ် သုံးနှစ်၊ ဒူဂူအာဘလာ (DUYGU AV-LA ) (၃၁)နှစ်အား ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၈၀/၃၄ အရ အလုပ်နှင့်ထောင်ဒဏ်သုံးနှစ် အသီးသီး ချမှတ်ခဲ့ကြောင်း သိရှိရသည်။ (၅၇၂)

# ဆို၊ က၊ ရေး၊ တီး အနုပညာ ပြည်သူအားလုံး ဆင်နွှဲလာ

ကိုဇော်ငွေး (ယဉ်ကျေးမှု)

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးသည် ၂၀၁၁ ခုနှစ်တွင် (၁၈)ကြိမ်မြောက်ပင် ရောက်ရှိခဲ့ပြီဖြစ်လေသည်။ သမိုင်းကြောင်း ရှည်လျားပြီး ခမ်းနားထည်ဝါစွာရပ်တည်ခဲ့သော မြန်မာ့ရိုးရာ သုခုမအနုပညာရပ်ကို လူငယ်လူရွယ်များက ခုံမင်မက်မောစွာ ပါဝင်ဆင်နွှဲ ယှဉ်ပြိုင်နေကြခြင်းသည် အနာဂတ်နိုင်ငံတော်အတွက် ကြည်နူးစရာပင် ဖြစ်လေသည်။ အဆို၊ အက၊ အရေး၊ အတီးဟူ၍ ယေဘုယျသဘောအားဖြင့် ပြိုင်ပွဲလေးရပ်နာမည်ကို တပ်ထားသော်လည်း ပြိုင်ပွဲကာလ ရှည်ကြာလာသည်နှင့်အမျှ တိုးချဲ့သောဘာသာရပ်ငယ် ပြိုင်ပွဲများကြောင့် ယှဉ်ပြိုင်မှုနယ်ပယ် ကျယ်ဝန်းလာသည်ကိုလည်း တွေ့ရလေသည်။ ထို့ကြောင့် ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် ပြိုင်ပွဲအတွက် ခင်းကျင်းပြင်ဆင်ထားသည်များကို ပြိုင်ပွဲဝင်များနှင့် မှတ်တမ်းမှတ်ရာ စုဆောင်းသူများ သိရှိနိုင်ကြစေရန် စုဆောင်းတင်ပြလိုက်ပါသည်။

## ပြိုင်ပွဲအဆင့်များ

ပထမဦးစွာ ပြိုင်ပွဲအဆင့်များကို တင်ပြလိုပါသည်။ ယခုနှစ်ပြိုင်ပွဲ အတွက်-

၁။ ဝါသနာရှင် (ပထမတန်း) အဆင့်
၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့်
၃။ အဆင့်မြင့်ပညာအဆင့်
၄။ အခြေခံပညာအသက် (၁၅-၂၀) အဆင့်
၅။ အခြေခံပညာအသက် (၁၀-၁၅) အဆင့်
၆။ အခြေခံပညာအသက် (၅-၁၀)အဆင့်ဟူ၍ အဆင့်(၆)ဆင့်ဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲဝင်အဆင့်တိုင်းကို အမျိုးသား၊ အမျိုးသမီး ခွဲခြားကာ ယှဉ်ပြိုင်စေမည်ဖြစ်လေသည်။

ဝါသနာရှင် (ပထမတန်း)ဟူသည်မှာ အဆို၊ အက၊ အရေး၊ အတီး လုပ်ငန်း တစ်ရပ်တွင် အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ခဲ့၊ လုပ်ကိုင်ဆဲဖြစ်ပြီး နိုင်ငံနှင့်အဝန်း လူသိများ ကျော်ကြားသူနှင့် အနုပညာ အရည်အချင်းစိစစ်အဖွဲ့က ဝါသနာရှင်(ပထမတန်း)နှင့် ထိုက်တန်သည်ဟု ဆုံးဖြတ်ခြင်းခံရသူများသည် ဝါသနာရှင်(ပထမတန်း)အဆင့်တွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်လေသည်။

## အဆိုပြိုင်ပွဲ

အဆိုပြိုင်ပွဲဟူသော အဓိကဘာသာရပ်၌ မဟာဂီတသီချင်းကြီးများ အဆို ပြိုင်ပွဲ၊ ခေတ်ဟောင်း ကာလပေါ်တေး အဆိုပြိုင်ပွဲ၊ ခေတ်အကြိုက်တေး အဆိုပြိုင်ပွဲဟူ၍ ပြိုင်ပွဲငယ်လေးများ သီးခြားခွဲထုတ် ယှဉ်ပြိုင်မည်ဖြစ်ပါသည်။ မဟာဂီတ သီချင်းကြီး အဆိုပြိုင်ပွဲ၌ ဝါသနာရှင်(ပထမတန်း)အဆင့် ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးများသည် သတ်မှတ်ပြဋ္ဌာန်းထားသော မဟာဂီတသီချင်းများကို မသိဆိုမိ ပြိုင်ပွဲနှစ်အလိုက် ရွေးချယ်သတ်မှတ်ပေးသော ရှားပါးတိမ်ကောလုစပြုလာသည့် အဲ၊ အန်၊ လူးတား၊ ရတု၊ ရကန်တို့အထဲမှ ကောင်းနိုးရာရာ တေးစာသားကဗျာကို ရွတ်ဆိုကြရခြင်း ဖြစ်လေသည်။ ယခုနှစ်အတွက် ဝါသနာရှင်(ပထမတန်း) အမျိုးသား မဟာဂီတအဆိုပြိုင်ပွဲ၌ (သာချင်း)ကိုလည်းကောင်း၊ ဝါသနာရှင်(ပထမတန်း) အမျိုးသမီး ပြိုင်ပွဲ၌ (အန်ချင်း)ကို လည်းကောင်း ပြဋ္ဌာန်းထားလေသည်။

**ခေတ်အကြိုက် တေးသီချင်းအဆိုပြိုင်ပွဲမှာလည်း ခေတ်လွန်တေးဟူသော ရေစီးကြောင်းထဲ၌ လူငယ်လူရွယ်များ မျောပါမသွားစေရန် ထိန်းသိမ်းဟန့်တားပေးထားသော ပြိုင်ပွဲတစ်ခုဖြစ်လေသည်။ ဤပြိုင်ပွဲ၌ ဝါသနာရှင် (ဒုတိယတန်း) အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်ဟူ၍ နှစ်ဆင့်သာ ပြိုင်ပွဲပြုလုပ်ပေးထားပြီး ပြိုင်ပွဲဝင် အမျိုးသား၊ အမျိုးသမီးများ၏ အသက်ကိုလည်း (၃၅)နှစ် မကျော်ရဟူ၍ ကန့်သတ်ထားသဖြင့် ခေတ်အကြိုက်တေးနှင့် ခေတ်အရွယ်တို့ လိုက်ဖက်ညီသော ပြိုင်ပွဲဖြစ်ပြီး စတူဒီယိုတေးသံရှင်များ၊ တေးရေးသူများက အကဲဖြတ် အမှတ်ပေးခြင်းအမှုကို ပြုကြလေသည်။ ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး၌ အလှုာစုံတို့ ပါဝင်ကြသည်ကို ဂုဏ်ယူဖွယ်ရာ တွေ့မြင်နိုင်လေသည်။**

## အကပြိုင်ပွဲ

အကပြိုင်ပွဲဟုဆိုသော်လည်း ဤဘာသာရပ်အောက်၌ အကပြိုင်ပွဲ၊ ဇာတ်တော်ကြီးအဖွဲ့လိုက်ပြိုင်ပွဲ၊ ရုပ်စုံသဘင်ပြိုင်ပွဲ၊ ပြဇာတ်ပြိုင်ပွဲ၊ ကွက်စိပ် ပြိုင်ပွဲတို့ကို ထည့်သွင်းထားသည်ကို တွေ့ရလေသည်။

**အကပြိုင်ပွဲ၌ ဝါသနာရှင် (ပထမတန်း)အဆင့် အမျိုးသား၊ အမျိုးသမီးတို့သည် ပြိုင်ပွဲဝင်ချိန် မိနစ်(၂၀)အတွင်း အဆိုပညာ၊ အကပညာ၊ အပြောပညာတို့ကို မိမိ၏အနုပညာဝမ်းစာ၊ အနုပညာကိုယ်ခံအား မည်မျှကောင်းမွန် ပြည့်စုံပြီဆိုသည်ကို ထုတ်ဖော်ပြသ ပြိုင်ပွဲဝင်ရလေသည်။ Live Show သဘောမျိုးဖြစ်၍ ပြိုင်ပွဲဝင်သူကို ဆိုင်းပညာရှင်တို့က ပံ့ပိုးတီးခတ်ပေးလေသည်။ ဆုရသည့် အကပညာရှင်နှင့်အတူ ထိုပံ့ပိုးတီးခတ်ပေးသည့် ဆိုင်းအဖွဲ့ကိုလည်း ပံ့ပိုးဆိုင်းဆု ချီးမြှင့်လေသည်။ အကပညာရှင်သည် ပထမဆု ရွှေတံဆိပ်ရလိုက်ပါက ထိုပံ့ပိုးဆိုင်းသည်လည်း ပံ့ပိုးဆိုင်းရွှေတံဆိပ်ဆုရမည်သာဖြစ်သည်။ ဝါသနာရှင်(ဒုတိယတန်း) အဆင့်ပြိုင်ပွဲဝင်များ၊ အမျိုးသား၊ အမျိုးသမီးများအတွက်ကိုမူ ပြိုင်ပွဲအကြိုကာလ၌ လေ့ကျင့်ရန် ငါးမိနစ်စာ တီးလုံးသုံးခု သတ်မှတ်ပြဋ္ဌာန်းပေးထားသည်။ ပြိုင်ပွဲ၌ သတ်မှတ်တီးလုံး အမှတ်စဉ်ကို မဲနှိုက်ပြီး မဲကျရာ တီးလုံးကို ကြိုတင်ပြင်ဆင်လေ့ကျင့်နိုင်ရန် သတ်မှတ်ပြဋ္ဌာန်းဖြန့်ဝေပေးထားကြောင်း သိရလေသည်။ အကပြိုင်ပွဲ အဆင့်များဖြစ်သည့် အခြေခံပညာအဆင့်များနှင့် အဆင့်မြင့်ပညာအဆင့်တို့တွင် ပြိုင်ပွဲဝင်ဦးရေကို အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦးစီဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံး ယှဉ်ပြိုင်ခွင့်ပြုထားသည်ကိုတွေ့ရသဖြင့် အနာဂတ်မြန်မာ့သဘင်လောကအတွက် မျိုးဆက်သစ် အကပညာရှင်တို့၏ အားကို ရယူနိုင်ကြတော့မည်ဖြစ်သည်။**

**ဇာတ်တော်ကြီးပြိုင်ပွဲကို ၁၉၉၇ ခုနှစ် ပဥ္စမအကြိမ်မြောက် ပြိုင်ပွဲမှ စတင်ကာ ထည့်သွင်းကျင်းပပေးခဲ့ခြင်းဖြစ်လေသည်။ ယခုနှစ်အတွက် သတ်မှတ်ပြဋ္ဌာန်းပေးထားသော ဇာတ်တော်ကြီးခေါင်းစဉ်မှာ "မဟာဗုဒ္ဓဝင် ဖွားတော်မူခန်း" ဖြစ်လေသည်။ ဖွားတော်မူခန်းဆိုလျှင် အလင်္ကာကျော်စွာ ရွှေမန်း (ဦး)တင်မောင်ကို အသက်အရွယ် ငါးဆယ်ကျော်တန်းတို့က ပြေးမြင် လိုက်ကြမည်ဟု ယုံကြည်ပါသည်။ ပြိုင်ပွဲကျင်းပသူတို့က "မဟာဗုဒ္ဓဝင်ကို မှီး၍ ကပြစေခြင်းဖြစ်သည်" ဟု ဆိုကြသည်။ ရှေးခေတ်ဇာတ်စာရေးသူတို့၏ တင်ဆက်မှုအစဉ်တိမ်းစောင်းနေမှုကို ဤပြိုင်ပွဲဖြင့် တည့်မှန်စေခြင်း စေတနာကို နားလည်သဘောပေါက်မိလေသည်။**

ရုပ်စုံသဘင်ပွဲကို အဖွဲ့လိုက်နှင့် တစ်ဦးချင်းဟူ၍တွေ့ရသည်။ ဝါသနာရှင် (ဒုတိယတန်း)အဆင့်သည် တစ်ဦးချင်းစွမ်းရည်ပြပြိုင်ပွဲ ဖြစ်လေသည်။ သို့သော် ယခုနှစ်ပြိုင်ပွဲအတွက် "မြိုင်ထနှစ်ပါးသွားတီးလုံး"ကို ပြဋ္ဌာန်းထားရာ အမျိုးသား၊ အမျိုးသမီးတို့ ယှဉ်တွဲ၍ ပြိုင်ပွဲဝင်ကြရမည် ဖြစ်လေသည်။ အမျိုးသားက မင်းသား အရုပ်ကိုလည်းကောင်း၊ အမျိုးသမီးက မင်းသမီး အရုပ်ကိုလည်းကောင်း ကိုင်ဆွဲကပြရမည်။ အကဲဖြတ်ဒိုင်လူကြီးမင်းများက ပြိုင်ပွဲဝင်အမျိုးသား၊ အမျိုးသမီးကို တစ်ချိန်တည်း အမှတ်ပေး အကဲဖြတ်လေသည်။ ထို့ကြောင့် စုံတွဲပြိုင်ပွဲဖြစ်သော်လည်း စုံတွဲဆုကိုရသွားနိုင်သလို ပြိုင်ပွဲဝင်အမျိုးသားဆုကို တိုင်းဒေသကြီးတစ်ခု၊ အမျိုးသမီးသည် အခြား တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ကတစ်ခု ခွဲခြားရရှိသွားနိုင်သည်ဟု တွေးဆနိုင်လေသည်။ **ရုပ်စုံသဘင်အဖွဲ့လိုက်ပြိုင်ပွဲသည် ကြိုးဆွဲဆရာများ၊ ဆိုငိုပြောပညာရှင်များ၊ ဝိုင်းတော်တီးများနှင့် အုံဖွဲ့ယှဉ်ပြိုင်ပွဲကြီးဖြစ်လေသည်။ ပြိုင်ပွဲဝင်ရန် ယခုနှစ်အတွက် "နေမိဇာတ်"ကို ပြဋ္ဌာန်းပေးထားကြောင်း တွေ့ရလေသည်။ ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲကို (၁၉၉၈)ခုနှစ် ဆဋ္ဌမအကြိမ်မှ စတင်ထည့်သွင်းကျင်းပပေးခဲ့ရာ အမြင့်သဘင်ပညာရှင်တို့ တစ်ခေတ်ဆန်းခွင့် ရရှိသောပြိုင်ပွဲဟု ဖော်ကျူးနိုင်မည်သာ ဖြစ်သည်။ နေမိဇာတ်နှင့်စပ်လျဉ်း၍ သိမှတ်ဖွယ်ရာအဖြစ် "စင်တိုင်ခြင်း၊ ဟိမဝန္တာခန်းအဖြစ် မြင်း၊ မျောက်၊ ဘီလူး၊ ဇော်များ ကပြခြင်းတို့ကို ရှည်လျားစွာ တင်ဆက်ကပြရန်မလိုဘဲ ဘုရားကန်တော့ခန်းဖြင့်သာ ဇာတ်ကို ဖွင့်လှစ်ကပြရမည်"ဟု ပညာရှင်တို့က သတ်မှတ်ထားပြီးဖြစ်ရာ ထိုသတ်မှတ်ချက်သည် ကပြချိန် မိနစ် ၉၀အတွင်း ဇာတ်ရည်လည်ရန်အတွက် သတ်မှတ်ခြင်းသာ ဖြစ်ပါသည်။ ရုပ်စုံသဘင်အဖွဲ့လိုက် (ဇာတ်)ပြိုင်ပွဲဖြစ်၍ ဟိမဝန္တာခန်းသည် ဇာတ်ကို ပံ့ပိုးရာ မရောက်နိုင်ဟု ယူဆမိလေသည်။ ဟိမဝန္တာခန်းလာ အရုပ်များသည် ဝါသနာရှင် (ဒုတိယတန်း) ရုပ်သေးပြိုင်ပွဲများ၌ ယှဉ်ပြိုင်ကပြလေ့ရှိသဖြင့် ပညာရှင်တို့ စုပေါင်းအုံဖွဲ့ကပြသည့် အဖွဲ့လိုက်ယှဉ်ပြိုင်ကပြပွဲ၌ ဇာတ်အခင်းအကျင်း သမားစဉ်အတိုင်းသာ ပညာရှင်တို့ တင်ဆက်ကပြစေခြင်း ဖြစ်သည်။**

**မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီးပြိုင်ပွဲကို ၂၀၀၆ ခုနှစ် (၁၄) ကြိမ်မြောက် ပြိုင်ပွဲမှစတင်ကာ နေပြည်တော်ရှိ ရေဆင်းတက္ကသိုလ် နယ်မြေများသို့ ပြောင်းရွှေ့ကျင်းပခဲ့ခြင်းဖြစ်လေသည်။ ရေဆင်းတက္ကသိုလ် နယ်မြေများသို့ ပြောင်းရွှေ့အပြီး နောက်တစ်နှစ်မှာပင် ပြဇာတ်ပြိုင်ပွဲကို ထည့်သွင်းကျင်းပခဲ့ခြင်းဖြစ်လေသည်။ ထို့ကြောင့် ရေဆင်းတက္ကသိုလ်နယ်မြေ သည် ပြဇာတ်ကောင်းများ ဖွံ့ဖြိုးမွေးဖွားရာ နယ်မြေဟု ဆိုရမည်ဖြစ်လေသည်။ ယခုနှစ်ပြိုင်ပွဲအတွက် သတ်မှတ်ခေါင်းစဉ်မှာ "လူငယ့်စွမ်းအား" ဖြစ်လေသည်။ ပြဇာတ်စတင်ချိန်တွင် ပြည်ဖုံးဖွင့်ပြီး ပြဇာတ်ပြီးဆုံးချိန်တွင် ပြည်ဖုံးပိတ်ခြင်း (ပြည်ဖုံးကို တစ်ကြိမ်တည်းဖွင့်ခြင်း၊ ပိတ်ခြင်းဖြင့်) ရပ်နားချိန်မပါ တစ်ဆက်တည်း မိနစ် ၉၀ ကြာ ပြဇာတ်သမားစဉ်နှင့်အညီ မီးဖွင့်၊ မီးပိတ်၍ ပြဇာတ်ပညာ အခင်းအခက်အဖြေတို့ကို ပြဇာတ်ရေးသူတို့၊ ပြဇာတ်ကသူတို့၊ တီးဝိုင်းဆရာတို့က ပရိသတ်စီးမျောလိုက်ပါလာအောင် တင်ဆက်ကပြကြတော့မည် ဖြစ်လေသည်။ ပြဇာတ်ဟူသောစကားရပ်နှင့်အညီ မီး၊ အသံ၊ ဆက်တင်အခမ်းအနားများကိုလည်း သူ့နေရာနှင့်သူ အံဝင်ခွင်ကျ ထည့်သွင်းကြရဦးမည်ဖြစ်သည်။ ပြဇာတ်ဇာတ်ပို့ဆိုင်းတွင် ယနေ့ခေတ်သုံး Key Board ကို သုံးခွင့်မပေးတော့ဘဲ စန္ဒရား၊ ဆိုင်းဝိုင်းကြီးနှင့် အတီးပြိုင်ပွဲ၌ သတ်မှတ်ခွင့်ပြုထားသော တူရိယာတို့နှင့်သာ တီးခတ်ပြိုင်ပွဲဝင်စေရာ ၁၉၅၀ ခုနှစ် ဝန်းကျင် ရန်ကုန်၌ခေတ်စားခဲ့သော ပြဇာတ်နေတောက်ချိန်နှင့် ၁၉၉၀ ပြည့်နှစ်များက ဆရာဖိုလ်ကလေးတင့်အောင်တို့ လှုပ်ရှားခဲ့သော ရန်ကုန်ဝဇီရာ ပြဇာတ်ခေတ်အချိန်တို့ကို လွမ်းမိုးစွေသွားနိုင်သည်ဟု ပြောရမည်သာ ဖြစ်လေသည်။**

ကွက်စိပ်ပြိုင်ပွဲကို ဝါသနာရှင်(ပထမတန်း)အဆင့်နှင့် (ဒုတိယတန်း) အဆင့် နှစ်ဆင့်သာ ပြုလုပ်လေသည်။ယခုနှစ်အတွက် ဝါသနာရှင်(ပထမတန်း) ၌ မဟာဗုဒ္ဓဝင် တောထွက်ခန်းကိုလည်းကောင်း၊ ဝါသနာရှင်(ဒုတိယတန်း)၌ ကုသဇာတ်ကို လည်းကောင်း ယှဉ်ပြိုင်ကြစေမည်ဖြစ်သည်။ ရှားပါး ပျောက်ကွယ်လုဖြစ်နေသော ကွက်စိပ်အဟောကို ပြန်လည်ဖော်ထုတ်ပြိုင်ပွဲဝင်စေသဖြင့် ဝမ်းသာကြည်နူးစရာကောင်းလှသော ပြိုင်ပွဲကြီး ဖြစ်လေသည်။ ကွက်စိပ်ကို ပံ့ပိုးတီးခတ်ပေးသော ဝိုင်းတော်တီးတို့ကလည်း မဟာဂီတလာ သီချင်းများအနက်မှ ကောင်းပေ့ညွှန်းပေ့ဟူသော စာသားတေးသွားတို့ကို ထုတ်နုတ်ပံ့ပိုးပေးနေခြင်းကလည်း နားသောတအာရုံကို လွမ်းခြုံပီတိဖြစ်စေရလေသည်။

## အရေးပြိုင်ပွဲ

**အရေးပြိုင်ပွဲသည် ဤပြိုင်ပွဲကြီး၌ ထူးခြားမှုရှိသော ပြိုင်ပွဲတစ်ရပ်ဖြစ် လေသည်။ အဆို၊ အက၊ အရေး၊ အတီးဘာသာရပ်တို့၌ ပြဋ္ဌာန်းသီချင်း၊ ပြဋ္ဌာန်းတီးလုံးတို့ရှိပြီး ဖြစ်သည့်အတွက် ပြိုင်ပွဲဝင်သူတို့သည် ထိုပြဋ္ဌာန်း သီချင်း၊ ပြဋ္ဌာန်းတီးလုံးတို့ကို သင်ကြားလေ့ကျင့်နေနိုင်ကြချိန်ဝယ် အရေးပြိုင်ပွဲဝင်တို့က ဗဟုသုတစာပေနှင့် တီးလုံးတေးသွား သင်္ကေတတို့ကိုသာ စိတ်ကူးနှင့် မှန်းမျှော်ပြီး ရှာမှီးနေကြရလေသည်။ ပြိုင်ပွဲဝင်ခန်းမရောက်မှ မိမိစပ်ဆိုရမည့် သီချင်းခေါင်းစဉ်ကို ချမှတ်ပေးခြင်းဖြစ်ရာ သာမန်အားဖြင့် စာမေးပွဲခန်းထဲမှ ကျောင်းသားတစ်ဦးကဲ့သို့ အသွင်သဏ္ဌာန်၌ ဖြစ်ပေါ်နေရလေသည်။ သို့သော် ပြိုင်ပွဲဝင်သူတို့၏ လုံ့လဝီရိယကြောင့် သီချင်းတစ်ပုဒ် ဖြစ်တည်ခဲ့ရသလို ထိုပြိုင်ပွဲဝင်တေးရေးသူသည် နှစ်ရက်သုံးရက်မျှသာ ရသည့် အချိန်တိုအတွင်း၌ သီချင်းတိုက်ရန် အတီးဆရာရှာရ၊ သီဆိုသူ ရှာရသော တေးရေးသူတစ်ဦး၏ ခံစားမှုပုံရိပ်သဏ္ဌာန်၊ အတွေ့အကြုံကိုပါ အရေးပြိုင်ပွဲကြီးက ပေးစွမ်းနိုင်ခဲ့ လေသည်။ အရေးပြိုင်ပွဲ၌ ဝါသနာရှင် (ပထမတန်း)အဆင့်၊ (ဒုတိယ တန်း) အဆင့်နှင့် အဆင့်မြင့်ပညာအဆင့်တို့ကိုသာ ပြိုင်ပွဲဝင်ခွင့်ပြုထားကြလေသည်။ ယခုနှစ်၌ အဆင့်မြင့်ပညာအဆင့်ကို ဖွင့်ပေးလိုက်သည့်အနေနှင့် အသက် ၁၅-၂၀တန်းဝင် ကျောင်းသားများ၊ ဝါသနာရှင်(ဒုတိယတန်း)အဆင့် မမီသော အသက် ၁၅-၂၀ ပြင်ပလူငယ်များပါ ဝင်ရောက်ယှဉ်ပြိုင်ခွင့် ပေးလိုက်သဖြင့် ပြိုင်ပွဲဝင်အင်အား တိုးလာတော့မည်ဖြစ်လေသည်။**

အရေးဆရာတို့အတွက် ယခုနှစ်ဝမ်းမြောက်ဖွယ်ရာမှာ သီချင်းခေါင်းစဉ် အကြောင်းအရာကို သတ်မှတ်ပေးလိုက်ခြင်းပင်ဖြစ်သည်။ ဝါသနာရှင် (ပထမတန်း) **အဆင့် ပြိုင်ပွဲဝင်သူတို့သည် ဆယ့်နှစ်လရာသီပွဲတော်ဆိုင်ရာ သီချင်းများကို ရေးစပ်သီဆိုပြိုင်ပွဲဝင်ရမည်ဖြစ်ပြီး ယခုနှစ်အတွက် ရေသဘင်ပွဲတော်ဆိုင်ရာ သင်္ကြန်သီချင်းကို သတ်မှတ်ပြဋ္ဌာန်းပေးလိုက်ခြင်းပင် ဖြစ်သည်။ ဥပမာ-သင်္ကြန်သီချင်းဖြစ်သည့် မန်းတောင်ရိပ်ခို၊ ရွှေမန်းမာလာ၊ နွေဦးကဗျာ၊ ရက်မြတ်သင်္ကြန်ကဲ့သို့သော သင်္ကြန်သီချင်းကောင်းများစွာ ပေါ်ထွက်လာတော့မည်ဖြစ်လေသည်။ ဝါသနာရှင် (ဒုတိယတန်း)၌လည်း၊ ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် Sea Games ပွဲတော် ဂုဏ်ပြုသီချင်းကို စပ်ဆိုယှဉ်ပြိုင်စေမည်ဖြစ်ရာ သီချင်း ခေါင်းစဉ်များကို ကြိုတင်စိတ်ကူးယဉ်ပြီး အကြောင်းအရာများကို ကြိုတင်စုဆောင်းနိုင်ကြတော့မည် ဖြစ်လေသည်။**

## အတီးပြိုင်ပွဲ

အတီးပြိုင်ပွဲကို တူရိယာ(၁၂)မျိုးဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်လေသည်-

(၁) စောင်း
(၂) စန္ဒရား
(၃) ပတ္တလား
(၄) နှဲ
(၅) တယော
(၆) မယ်ဒလင်
(၇) ဂီတာ
(၈) ဒုံမင်း
(၉) ဆိုင်းတစ်ဦးချင်းပြိုင်ပွဲ
(၁၀) ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ
(၁၁) အိုးစည်ပြိုင်ပွဲ
(၁၂) ဒိုးပတ်ပြိုင်ပွဲ တို့ဖြစ်လေသည်။

စောင်း၊ ပတ္တလား၊ စန္ဒရား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်း၊ ဆိုင်း တစ်ဦးချင်း ပြိုင်ပွဲ၊ ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် ပြိုင်ပွဲတို့တွင် အမျိုးသား၊ အမျိုးသမီး ခွဲခြားကာ ယှဉ်ပြိုင်စေမည်ဖြစ်ပြီး နှဲပြိုင်ပွဲ၊ အိုးစည်ပြိုင်ပွဲတို့မှာ အမျိုးသားများသာ ယှဉ်ပြိုင်ကြမည် ဖြစ်လေသည်။

**အဖွဲ့လိုက်ပြိုင်ပွဲဖြစ်သည့် အိုးစည်၊ ဒိုးပတ်ပြိုင်ပွဲသည် ရိုးရာဓလေ့အစဉ်အလာများကို ဖော်ထုတ်ယှဉ်ပြိုင်ပွဲဖြစ်ပြီး အိုးစည်၊ ဒိုးပတ်တို့၏ ထူးခြားသော လက္ခဏာများဖြစ်သည့် တက်ကြွမှု၊ ပျော်ရွှင်မှု၊ စည်းလုံးညီညွတ်မှုတို့ကို တွေ့မြင်နိုင်လေသည်။ အတိုင်အဖောက်၊ အပေးအယူတို့နှင့် အိုးစည်ဒိုးပတ်ဆိုင်ရာ "တေးသီချင်းစာသားများ အချက်အလက် ကျနထိမိကောင်းမွန်ခြင်းနှင့် ကျေးလက်ရိုးရာ တေးတစ်ပုဒ် ယှဉ်ပြိုင်ခြင်း"ဟူသည့် အမှတ်ပေးစည်းမျဉ်းအရ ကျေးလက်ရိုးရာ တေးသံသာများကို နားဆင်နိုင်သော ပြိုင်ပွဲကြီးဖြစ်လေသည်။ အိုးစည်ပြိုင်ပွဲနှင့် ဒိုးပတ်ပြိုင်ပွဲကို ဝါသနာရှင် (ပထမတန်း)အဆင့်၊ (ဒုတိယတန်း)အဆင့်၊ အဆင့်မြင့်ပညာအဆင့်နှင့် အခြေခံပညာအသက် (၁၅)နှစ်ပြည့်မှ (၂၀)နှစ်အတွင်း အဆင့်များသာ ယှဉ်ပြိုင်ကြရပေမည်။ ဆိုင်းဝိုင်းအဖွဲ့လိုက်ပြိုင်ပွဲမှာလည်း ဆိုင်းဝိုင်း၏ သမားစဉ်တေးတီးလုံးဖြစ်သည့် ပတ်ယိုင်၊ တျာယိုင်၊ နတ်ကတော်၊ ဝန်ပတ် တိုက်၊ ပတ်ပျိုး၊ လေးထွေသံကပ် စသည့် တီးလုံးများကို ဆိုင်းဝိုင်းတစ်ခုလုံး အပေးအယူမျှတညီညွတ်စွာ ပေါင်းစပ်တီးမှုတ်ခြင်းဖြင့် စည်းလုံးညီညွတ်သော အကျိုးရလဒ်အဖြစ် ဆုတံဆိပ်တို့ မျှော်မှန်းရနိုင်လေသည်။**

ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်ပြိုင်ပွဲ၌ ပြိုင်ပွဲဝင်သူတို့သည် သမားစဉ်တီးလုံးများအရ သင့်ရာမဟာဂီတသီချင်းကြီးတစ်ပုဒ်၊ ဦးစိန်ဗေဒါ၊ ဦးဟန်ပ၊ ဦးဘမောင်တို့၏ သီချင်းတစ်ပုဒ်၊ ပျိုးချီ၊ နရီတီးလုံး၊ ဝါးလတ်တီးလုံး၊ နှဲထပ်၊ ပတ်ထပ်နှင့် လက်စွမ်းပြ အပါအဝင် ယှဉ်ပြိုင်တီးခတ် ပြိုင်ပွဲဝင်ကြရမည် ဖြစ်လေသည်။ ပြိုင်ပွဲဝင်ချိန်မှာ ဝါသနာရှင် (ပထမတန်း)နှင့် ဝါသနာရှင် (ဒုတိယတန်း)မှာ မိနစ် ၃၀၊ အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့်တို့တွင် မိနစ် ၂၀ ခွင့်ပြုထားလေသည်။

**ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး၏ ထူးခြားချက်တစ်ခုမှာ နေပြည်တော် ရေဆင်းရှိ ပြိုင်ပွဲခန်းမအသီးသီးမှ ယှဉ်ပြိုင်နေမှုတို့ကို ရုပ်သံမီဒီယာ အချို့မှ တိုက်ရိုက်ထုတ်လွှင့်ပေးမည်ဖြစ်ရာ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ မိဘဆွေမျိုးများနှင့် မိတ်သင်္ဂဟများအနေဖြင့် မိမိတိုင်းဒေသကြီး၊ မိမိပြည်နယ်ကိုယ်စားပြု ယှဉ်ပြိုင်နေသူတို့၏ အနုပညာစွမ်းဆောင်ချက်များကို တစ်ချိန်တည်း တစ်ပြိုင်တည်းကြည့်ရှုခံစား ရင်ခုန်ခွင့်ရရှိတော့မည် ဖြစ်လေသည်။ ပြိုင်ပွဲဝင်များအနေဖြင့်လည်း မိမိတို့၏ ပြိုင်ပွဲဝင် "သီဆို၊ တီးမှုတ်၊ ကခုန်၊ ရေးစပ်"နေမှုများကို မိမိဇာတိ ဒေသရှိ မိဘဆွေမျိုးများက စောင့်မျှော်ကြည့်ရှုအားပေးလျက်ရှိနေသည် ဟူသောအသိဖြင့် အနုပညာအားမာန်များ ပိုမိုတက်ကြွလင်းလက်နိုင်ကြတော့မည် ဖြစ်လေတော့သည်။ ။**

---

# စီးပွားရေးတက္ကသိုလ် ၁၉၇၈ ခုနှစ် ဘွဲ့ရ ကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာ ပူဇော်ကန်တော့မည်

**ရန်ကုန် အောက်တိုဘာ ၂**

၁၉၇၈ ခုနှစ် စီးပွားရေးတက္ကသိုလ် ဘွဲ့ရကျောင်းသား၊ ကျောင်းသူဟောင်းများသည် ၁၉၇၄ ခုနှစ်မှ ၁၉၇၈ ခုနှစ်အတွင်း ပညာသင်ကြားပို့ချပေးခဲ့ကြသော ဘာသာရပ်ဆိုင်ရာ ဆရာကြီး၊ ဆရာမကြီးများအားလုံး (မေဂျာ၊ မိုင်နာ)ကို အောက်တိုဘာ ၁၅ ရက် နံနက် ၈ နာရီတွင် စီးပွားရေးတက္ကသိုလ် နီလာရတုခန်းမ၌ မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်ဖြစ်ပြီး ပူဇော်ကန်တော့ပွဲသို့ တက်ရောက်လာကြသော ရပ်ဝေး၊ ရပ်နီးမှ သူငယ်ချင်းများအား အဆိုပါနေ့ ညနေ ၆ နာရီတွင် (အမ်-သရီး) စားသောက်ဆိုင်၌ မိတ်ဆုံ ညစာစားပွဲ ဆက်လက်ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများအားလုံးအနေဖြင့် ဦးတင်လတ် ဖုန်း-၀၉-၅၀၂၃၀၃၀၊ ဦးလင်းကြည် ဖုန်း-၀၉-၅၀၀၈၁၂၂၊ ဦးမင်းဟန် ဖုန်း-၀၉-၅၁၃၂၆၆၅၊ ဦးခင်မောင်မြင့် ဖုန်း-၀၉-၄၉၂၉၁၂၁၉၊ ဦးခိုင်စိုးသိန်း ဖုန်း-၀၉-၅၀၂၀၅၆၂၊ ဦးကျော်ကျော်အုံး ဖုန်း-၀၉-၂၀၂၇၄၅၇နှင့် ဦးရဲအောင် ဖုန်း-၀၉-၄၃၀၀၇၂၈၅ တို့သို့ ဆက်သွယ်စုံစမ်း၍ အခမ်းအနားများသို့ တက်ရောက်ကြပါရန် နှိုးဆော်ထားသည်။ (ကြေးမုံ)

# ရေချို၊ ရေငန် ပုစွန်မွေးမြူရေး တိုးချဲ့ဆောင်ရွက်ရန်လို

**ရန်ကုန် အောက်တိုဘာ ၂**

ကမ္ဘာ့ရေငန်ပုစွန်ဈေးကွက်တွင် ဈေးကောင်းလည်းရ၊ ပုစွန်ထွက်သည့် ရာသီနှင့်လည်း ကိုက်ညီမှုရှိသဖြင့် ကမ္ဘာ့ဈေးကွက်သို့ မြန်မာနိုင်ငံမှ ရေငန်ပုစွန် တင်ပို့မှုများလာကြောင်း သိရသည်။ အချို့ကုမ္ပဏီများသည် ဈေးကောင်းရသည့် တန်ဖိုးမြင့်ပစ္စည်းအဖြစ် ပြုပြင်ထုတ်လုပ်၍ တင်ပို့ရောင်းချလျက်ရှိသည်။ ရေငန်ပုစွန် ၁၀ တန်၊ ၁၁ တန်၏ ရောင်းချရမှုတန်ဖိုးသည် ရေချိုငါး ၂၇ တန်ရောင်းချရမှုတန်ဖိုးထက် ရှစ်ဆပိုကြောင်း သိရသည်။

နိုင်ငံအတွင်း၌ ရေချို၊ ရေငန် ပုစွန်မွေးမြူမှုမှာ နည်းပါးလျက်ရှိပြီး ပင်လယ်ပြင်မှ ဖမ်းဆီးရရှိမှုကိုသာ အဓိကထား၍ တင်ပို့လျက်ရှိရာ ယခုအခါ သဘာဝငါး၊ ပုစွန်ရှားပါးလာလျက်ရှိသဖြင့် ထိမိမှု ကျဆင်းလာလျက်ရှိသည်။ ပင်လယ်ငါးများ သားပေါက်သည့်ရာသီ၌ ငါးဖမ်းဆီးမှုကို ပိတ်ပင်သင့်သည်ဟု အချို့က တောင်းဆိုလျက်ရှိရာ ရေချို၊ ရေငန် ပုစွန်မွေးမြူမှုမှာ မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်သကဲ့သို့ တစ်ဖက်ကလည်း စက်ရုံများ အစဉ်လည်ပတ်နိုင်ရေးအတွက် သားငါးကုန်ကြမ်းများကို ပြည်ပမှတင်သွင်းပြီး တန်ဖိုးမြင့်ကုန်ချောအဖြစ် ပြုပြင်ထုတ်လုပ်ကာ ပြည်ပသို့ ပြန်လည်တင်ပို့သည့်စနစ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရန် လိုကြောင်းဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် တာဝန်ရှိသူများထံမှ သိရှိရသည်။

(ညွှန့်သန်း-သတင်းစဉ်)

# မြန်မာ့အနုပညာ - ထိန်းသိမ်းပါ

မြန်မာ့ရိုးရာ စဉ်လာအလို
ဆို, က, ရေး, တီး ပြိုင်ပွဲကြီးအား
အမျိုးသားအားမာန် မွေခံထိန်းလျက်
ထက်မြက်ရှင်သန် ဇာတိမာန်ဖြင့်
နိုင်ငံသစ်တည် ခရီးဆီသို့
ဂီတသုခုမ နုလှပညာ
ခါခါထပ်ဆင့် မျိုးဂုဏ်ဝင့်ပြီး
ဝှဲချီးဆင်ယင် ကျင်းမည်သာ။

ဟိုရှေးမြန်မာ ပျူခေတ်ခါက
ပေစာထက်တွင် မှတ်တမ်းတင်ပြီး
နောက်တွင်တစ်ဖန် ပုဂံခေတ်ရေး
နံရံဆေးပန်းချီ ရေးသီကျောက်ထက်
လက်ခုပ်သားရေ ကြေးကြိုးလေနှင့်
အခြေခံတူရိယာ ငါးဖြာတွေ့ရ
ပင်းယ, မြင်စိုင်း တိုင်းအင်းဝမှာ
အက, ကာချင်း ကာသီချင်းများ
ထွန်းကားခဲ့ကြ မြန်မာ့သုခုမ
ဂီတပညာ အဖြာဖြာကို
စဉ်လာထိန်းခဲ့ တို့မြန်မာ။

ယနေ့ခေတ်ခါ ကမ္ဘာရွာဟု
လူမှုစီးပွား ဖောက်ကားကုန်သွယ်
ဖလှယ်၍သာ နည်းပညာနှင့်
စာပေဂီတ အစစမှာ
နိမ့်ရာစီးသွား ဆီးတားနိုင်ရန်
ကိုယ်ခံစွမ်းအား လွန်နည်းပါးသော်
ရိုးပေါ်ရွက်ဖုံး ပျက်သုဉ်းမည်သာ
လွန်သေချာ၏ မြန်မာတို့များ
သိထားရုံမျှ မရမဖြစ်
မိုးကြိုးပစ်ရာ ထန်းလက်ကာရုံ
မလုံခြုံပါ အရာရာသတိ
အမြဲရှိမှသာ မြန်မာဂီတ
မြန်မာ့အနုပညာ တည်တံ့မှာ။

မြန်မာ့ရိုးရာ စဉ်အလာနှင့်
ဘာသာယဉ်ကျေးမှု အစုစုကို
ကြည့်ရှုထိန်းသိမ်း မတိမ်းပါးအောင်
ရှက်ဆောင်ခြင်းမှာ ခေတ်ကာလကို
မလိုနောက်ပြန် တစ်ဖန်ဆွဲခြင်း
အလျဉ်းမဟုတ် စည်းဆုပ်, လက်ခုပ်
သရုပ်ညီသား စည်းဝါးအခြေခံ
မြန်မာ့ဟန်ကြွ မြန်မာ့အလှကို
မြဲလိုကာကွယ် စိတ်ဝယ်လေးထား
မြန်မာတေးများ ဆိုကြပါ။
မြန်မာအကများ ကကြပါ။
မြန်မာ့အနုပညာ ထိန်းသိမ်းပါ။ ။

(၁၈) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအား ကြိုဆိုဂုဏ်ပြုလျက် . . . .

ဖိုးရန်နိုင်(ကျောက်ကြီး)



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း ကချင်ပြည်နယ် (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

## ကချင်ပြည်နယ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့နှင့် (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ မြစ်ကြီးနားမြို့၌ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၂

**ကချင်ပြည်နယ် အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီတွင် မြစ်ကြီးနားမြို့ သာသနာ့ဗိမာန်၌ကျင်းပရာ ရှေးဦးစွာ အဘိုး၊ အဘွားများအား ကန်တော့ကြပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက အဘိုး၊ အဘွားနှစ်ဦးတို့အား လည်းကောင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူတို့က အဘိုး၊အဘွားများအားလည်းကောင်း ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။**

ပြည်နယ်ဝန်ကြီးချုပ်သည် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မြစ်ကြီးနား မြို့တော်ခန်းမ၌ ကျင်းပသည့် ကချင်ပြည်နယ် (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ တက်ရောက်ပြီး အမှာစကားပြောကြားသည်။

အစီအစဉ်အရ (၄၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အခမ်းအနားသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးမြင့်လွင်က ဖတ်ကြားသည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး၊ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ဆုများပေးအပ် ချီးမြှင့်ခဲ့ကြသည်။

(သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာသစ်တောများနှစ် အထိမ်းအမှတ် ပန်းချီပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ညွှန်ကြားမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာနက ကြီးမှူးကျင်းပသော အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တော သီတင်းပတ် အခြေခံပညာအထက်တန်းအဆင့် ပန်းချီပြိုင်ပွဲကို သစ်တောကဏ္ဍဖွံ့ဖြိုးမှု သာယာလှပလူ့ဘောင်ဘဝ(Forests for People) ခေါင်းစဉ်ဖြင့် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ပျဉ်းမနားမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပရာ နေပြည်တော်ကောင်စီနယ်မြေရှိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၆၆ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

(သတင်းစဉ်)



အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် ၂၀၁၁ အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် အခြေခံပညာအထက်တန်း အဆင့် ပန်းချီပြိုင်ပွဲကို ပျဉ်းမနားမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပစဉ်။ (သတင်းစဉ်)



စက်တင်ဘာ ၂၂ ရက်က ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ဇေယျာသီရိလမ်းနေ မီးအိမ်ရှင်စာအုပ်တိုက်ပိုင်ရှင် ဆရာဝန်စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်(ခ) ယဉ်မင်းဦး(ဆေးတက္ကသိုလ်)က သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာန ပြည်တွင်းဌာနခွဲ(ရန်ကုန်)သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) ဖယ်ခုံမြို့နယ် လဒီ သာသနာပြုဌာန ဘုန်းတော်ကြီးသင်ပညာရေးကျောင်း နှစ်ထပ်စာသင်ဆောင် အတွက် ထည့်ဝင်အလှူငွေကျပ် ငါးသိန်း ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



အမှတ်(၃၀) အခြေခံပညာမူလတန်းကျောင်း(သာကေတ)၏ မိဘဆရာအသင်း အစည်းအဝေးနှင့် ၂၀၁၀-၂၀၁၁ ခုနှစ် ပညာရည်ချွန်ဆုပေးပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပရာ သူငယ်တန်းမှ ထူးချွန်ဆုရရှိသူ မောင်ထက်ဝေဖြိုးဦးအား မိဘဆရာအသင်းဥက္ကဋ္ဌ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးအောင် ဆုချီးမြှင့်စဉ်။ (ပညာရေး)

## စပါးကုန်စည်ဒိုင်များ ဖွဲ့စည်းမှုနည်းနေသေး

**ရန်ကုန် အောက်တိုဘာ ၂**

ဆန်စပါးအဓိက အရောင်းအဝယ်ပြုလုပ်နေသည့် ဆန်စပါးကုန်စည်ဒိုင်များ ဖွဲ့စည်းပြီးစီးမှုနည်းနေခြင်းကြောင့် ထပ်မံတိုးချဲ့ဖွဲ့စည်းသွားရန် စီစဉ်ထားကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီးများရှိ မြို့နယ်များတွင် ဆန်စပါးကုန်စည်ဒိုင်များပြားစွာ ပေါ်ပေါက်လာစေရန် ဆောင်ရွက်နိုင်ခြင်းဖြင့် ဆန်စပါးကုန်စည်ဒိုင်တစ်ခုနှင့် တစ်ခုအပြန်အလှန်ချိတ်ဆက်ရောင်းဝယ်မှုများ ဆောင်ရွက်လာနိုင်မှာဖြစ်ပြီး ဒေသတစ်ခုနှင့်တစ်ခု ဈေးနှုန်းကွာဟချက်နည်းသွားစေနိုင်ခြင်း၊ အရည်အသွေးမှန်၊ အမျိုးအစားမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းဝယ်တင်ပို့နိုင်ခြင်း၊ ဈေးကွက်တွင် မှန်မှန်ကန်ကန်ဖြင့် ရောင်းဝယ်ဖောက်ကားနိုင်ခြင်း၊ ဆန်ပိုဒေသမှ ဆန်လိုဒေသများသို့ ပြည်တွင်း ဆန်စီးဆင်းမှုအခြေအနေများကို စနစ်တကျ စိစစ်နိုင်ခြင်း စသည့် အကျိုးရလဒ်များဖြစ်ပေါ်လာကာ ပြည်တွင်းပြည်ပရောင်းဝယ်မှုလုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး အထောက်အကူပြုမှာဖြစ်ကြောင်း သိရသည်။

၂၀၀၆ ခုနှစ်အထိ ဖွင့်လှစ်ပြီးသော ကုန်စည်ဒိုင်ကိုးခုသာရှိခဲ့ရာမှ ၂၀၀၇ ခုနှစ်တွင် ကုန်စည်ဒိုင် ၁၅ ခု၊ ၂၀၀၈ ခုနှစ်တွင် ကုန်စည်ဒိုင်သုံးခု၊ ၂၀၀၉ ခုနှစ်တွင် ကုန်စည်ဒိုင် တစ်ခု၊ ၂၀၁၀ ခုနှစ်တွင် ကုန်စည်ဒိုင်ခုနစ်ခု၊ ယခု ၂၀၁၁ ခုနှစ်အတွင်းတွင် တစ်ခု ထပ်မံတိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ခြင်းကြောင့် ကုန်စည်ဒိုင်စုစုပေါင်း ၃၆ ခုကို ဖွဲ့စည်း ထူထောင်ထားနိုင်ခဲ့ပြီး လမ်းပန်းဆက်သွယ်ရေး အချက်အချာကျကာ အဓိကဈေးကွက်ဝင် ပြည်ပပို့ကုန်များ ထွက်ရှိရာဒေသနှင့် ရောင်းဝယ်ဖောက်ကားမှုဖွံ့ဖြိုးသော မြို့နယ် ၂၅ ခုတွင် ကုန်စည်ဒိုင်များ ထပ်မံဖွင့်လှစ်ပေးနိုင်စေရေးအတွက် ညှိနှိုင်းဆောင်ရွက်နေကြောင်းသိရသည်။ (၆၈၀)

## အငိုမျက်လုံး အပြုံးမျက်နှာ ဆက်လက်ပြသ



**ရန်ကုန် အောက်တိုဘာ ၂**

စက်တင်ဘာ ၃၀ ရက် (သောကြာနေ့)တွင် ရန်ကုန်မြို့လယ်ရုပ်ရှင်ရုံများ၌ မြန်မာရုပ်ရှင်ကားသစ်ရုံတင်ခြင်းမရှိဘဲ ပြသဆဲ **အငိုမျက်လုံးအပြုံးမျက်နှာ**ကားသစ်သာ သမ္မတ၊ သွင်၊ မော်တင်ဂျန်းရှင်းနှင့် Top Royal ရုံများ၌ ဆက်လက်ပြသသည်။ မြန်မာ့အငြိမ့်သဘင်လောကကို အခြေခံရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်နှင့်အညီ သမ္မာရင့် လူရွှင်တော်ကြီးများနှင့် လင်းဇာနည်ဇော်တို့၏ သရုပ်ဆောင်ဟန်မှာ တကယ့်အငြိမ့်ပွဲတစ်ပွဲကို ကြည့်ရှုရသည့်အလား ခံစားနိုင်ကြမည်ဖြစ်သည်။



အငိုမျက်လုံး အပြုံးမျက်နှာဇာတ်ကားမှ မော့စ်နှင့် လင်းဇာနည်ဇော်တို့၏ အငြိမ့်ခွင်သရုပ်ဆောင်ဟန်ကို တွေ့ရစဉ်။

သူထူးစံ၊ သက်မွန်မြင့်တို့ပါဝင်သည့် **အိုင်လပ်(ဖ)ယူ** ဇာတ်ကားမှာ မြို့လယ်ဝဇီရာရုံနှင့် မြို့ပတ်ရုံများ၌ ပြသသည်။ အောက်တိုဘာလအတွင်းတွင် ဒါရိုက်တာ ညီညီထွန်းလွင်၏ **ဖလန်းဖလန်းဖြစ်တဲ့အချစ်** ရုံတင်ပြသမည် ဖြစ်သည်။

### နိုင်ငံခြားရုပ်ရှင်

မင်္ဂလာရုံတွင် စွန့်စားမှုအသားပေး ဇာတ်ကားတစ်ကားဖြစ်သည့် **FAST FIVE** ဇာတ်ကြမ်းကားပြသပြီး နေပြည်တော်ရုံတွင် သမိုင်းနောက်ခံပြုစစ်ဘုရင်ဇာတ်ကားတစ်ကားဖြစ်သော **CONAN THE BARBARIAN** ဇာတ်ကားပြသသည်။

နေပြည်တော်ရုံတွင် ရုံတင်ပြသမည့် **KUNGFU PANDA-2** ဇာတ်ကားသစ်မှာ အထူးပြုလုပ်ချက်များဖြင့် စိတ်ဝင်စားဖွယ်ရိုက်ကူးထားသည့် ကွန်ဖူးပညာ အသားပေးကာတွန်းဇာတ်ကားဖြစ်ကာ နာမည်ကြီးသရုပ်ဆောင် ဂျက်ဘလက်နှင့် အက်ရှင်မင်းသမီး အင်ဂျလီနာဂျိုလီတို့က ဤဇာတ်ကားတွင် အသံဖြင့် ပါဝင်သရုပ်ဆောင်ထားသည်ကို ထူးခြားစွာ ရှုစားရမည်ဖြစ်သည်။

# အားကစား

## အလွတ်တန်း အမျိုးသား/အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂**

မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အလွတ်တန်း အမျိုးသား/ အမျိုးသမီးတစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် (Sport Complex)ရှိ ဘိုးလင်းအားကစားခန်းမ၌ ကျင်းပရာ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘိုးလင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

ရှေးဦးစွာ အလွတ်တန်း အမျိုးသား/ အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲကို ကျင်းပရာ ဝန်ကြီးဌာနအသီးသီးမှ အမျိုးသား ၂၀ နှင့် အမျိုးသမီး ၁၂ ဦးတို့ ပါဝင်ယှဉ်ပြိုင်ကစားကြသည်။

ထို့နောက် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ဦးချင်း အလွတ်တန်း ဘိုးလင်းပြိုင်ပွဲတွင် ပထမဆုရ ဇော်လင်းထွန်း(နေပြည်တော်စည်ပင်)၊ ဒုတိယဆုရ သန့်ဝင်းထွန်း (ပြည်ထောင်စုရာထူးဝန်အဖွဲ့)၊ တတိယဆုရ ဇေယျာနိုင်(ပြည်ထောင်စုရာထူးဝန်အဖွဲ့)နှင့် အမျိုးသမီးတစ်ဦးချင်း အလွတ်တန်း ဘိုးလင်းပြိုင်ပွဲတွင် ပထမဆုရ ခင်စိုးသန်း(ဆောက်လုပ်ရေး)၊ ဒုတိယဆုရ မြင့်မြင့်စန်း (အားကစား)၊ တတိယဆုရ အေးအေးလင်း(နယ်စပ်ရေးရာ)တို့အား ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အလွတ်တန်း အမျိုးသား/ အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပခဲ့ပြီး ပထမဆု ငွေကျပ်တစ်သိန်းခွဲ၊ ဒုတိယဆု ငွေကျပ်တစ်သိန်း၊ တတိယဆု ငွေကျပ်ငါးသောင်းစီ အသီးသီး ချီးမြှင့်ခဲ့သည်။ (သတင်းစဉ်)



**အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးမြင့်ကြူ အလွတ်တန်း အမျိုးသား/အမျိုးသမီး တစ်ဦးချင်း ဘိုးလင်းပြိုင်ပွဲတွင် ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** (သတင်းစဉ်)

## နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲ တပ်ကုန်းမြို့နယ်အသင်း ဗိုလ်လုပွဲတက်

**နေပြည်တော် အောက်တိုဘာ ၂။** ။ ၂၀၁၁ ခုနှစ် ပထမအကြိမ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကို နေပြည်တော် FC အိမ်ကွင်း (ပေါင်းလောင်းအားကစားပြိုင်ကွင်း)၌ ယနေ့ညနေ ၃ နာရီတွင် ပထမအကြိုဗိုလ်လုပွဲအဖြစ် တပ်ကုန်းမြို့နယ်အသင်းနှင့် ပုဗ္ဗသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ တပ်ကုန်းမြို့နယ်ဘောလုံးအသင်းက ပုဗ္ဗသီရိမြို့နယ် ဘောလုံးအသင်းကို ခြောက်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်သွားပြီဖြစ်သည်။

ယင်းပြိုင်ပွဲသို့ နေပြည်တော်ကောင်စီအတွင်းရေးမှူး ဦးဇော်ဝင်းနှင့် ကောင်စီဝင်များ၊ နေပြည်တော်အတွင်းရှိ ဌာနဆိုင်ရာများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ နေပြည်တော်ခရိုင်ဥက္ကဋ္ဌနှင့် နေပြည်တော်ကောင်စီနယ်မြေရှိ မြို့နယ်ရှစ်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဘောလုံးဝါသနာရှင်များ တစ်ခဲနက်အားပေးကြည့်ရှုကြသည်။

စက်တင်ဘာ ၃ ရက် ညနေ ၃ နာရီတွင် ဒုတိယအကြိုဗိုလ်လုပွဲအဖြစ် နေပြည်တော် FC အိမ်ကွင်း (ပေါင်းလောင်းအားကစားပြိုင်ကွင်း)၌ ပျဉ်းမနားမြို့နယ်ဘောလုံးအသင်းနှင့် ဇမ္ဗူသီရိမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ (၁၀၇)

## အင်တာနေရှင်နယ် စစ်တုရင် ဒိုင်လူကြီးသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၂။** ။ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအတွက် အင်တာနေရှင်နယ် စစ်တုရင်ဒိုင်လူကြီးများ ပေါ်ထွက်လာစေရန် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် (FIDE) မှ အဆင့်မြင့်ဒိုင်လူကြီးများ လာရောက်ပို့ချမည့် အင်တာနေရှင်နယ်ဒိုင်သင်တန်း (Arbiter Seminar)ကို အောက်တိုဘာ ၇ ရက်မှ ၁၀ ရက်အထိ ရန်ကုန်မြို့ စင်ထရယ်ဟိုတယ်၌ ဖွင့်လှစ်မည်ဖြစ်ရာ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်မှ ဖွင့်လှစ်သည့် ဒိုင်သင်တန်း တက်ရောက်အောင်မြင်ခဲ့သူများ၊ မြန်မာ့လက်ရွေးစင်အဆင့် စစ်တုရင်အားကစားသမားများ၊ ဒိုင်လုပ်ငန်းအတွေ့အကြုံရှိသူများ တက်ရောက်နိုင်ကြောင်းနှင့် သင်တန်းတက်ရောက်ခွင့်ကို မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်က စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၎င်းသင်တန်းသို့ တက်ရောက်ပြီးစီးပါက ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်က ချီးမြှင့်သည့် ကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ် ဒိုင်လူကြီး (FIDE Arbiter) ဘွဲ့လက်မှတ်ရရှိရန်အတွက် စာမေးပွဲကြေးပေးသွင်း၍ ဖြေဆိုနိုင်မည်ဖြစ်သည်။ အဆိုပါ ဒိုင်လူကြီးသင်တန်းသို့ တက်ရောက်လိုသူများသည် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ရုံးသို့ အောက်တိုဘာ ၅ ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်သည်။ (သတင်းစဉ်)



## မန္တလေးတိုင်းဒေသကြီး အခြေခံပညာကျောင်းပေါင်းစုံ အမျိုးသား/အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲ ကျင်းပပြီးစီး

**ရန်ကုန် အောက်တိုဘာ ၂**

မန္တလေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာနက ၂၀၁၁-၂၀၁၂ ပညာသင်နှစ် အခြေခံပညာကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲ ငါးမျိုးကို စက်တင်ဘာ ၁၇ ရက်မှ ၂၃ ရက်အထိ မန္တလေးမြို့၌ ကျင်းပခဲ့ပြီး အမျိုးသားနှင့် အမျိုးသမီး ခရစ်ကက်ပြိုင်ပွဲကို အထက(၉) ကျောင်းအားကစားကွင်း၌ စက်တင်ဘာ ၁၉ ရက်မှ ၂၁ ရက်အထိကျင်းပခဲ့ရာ ခရိုင်သုံးခုမှ ပြိုင်ပွဲဝင် အမျိုးသား/အမျိုးသမီးအသင်း ၁၄ သင်း အင်အား ၂၁၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ခြင်းအခမ်းအနားကို စက်တင်ဘာ ၂၁ ရက် ညနေ ၄ နာရီတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်ရှိ အထက(၉) ကျောင်းအားကစားကွင်း၌ကျင်းပရာ အမျိုးသားပူးတွဲတတိယဆုရ ချမ်းအေးသာစံနှင့် ပြင်ဦးလွင်အသင်း၊ အမျိုးသမီး ပူးတွဲတတိယဆုရ ချမ်းမြသာစည်နှင့် မဟာအောင်မြေအသင်း၊ အမျိုးသားအသင်းလိုက် ဒုတိယဆုရ ပြည်ကြီးတံခွန်အသင်း၊ အမျိုးသမီးဒုတိယဆုရ ကျောက်ဆည်အသင်းနှင့် အမျိုးသား/အမျိုးသမီး အကောင်းဆုံးအားကစားသမားဆုရရှိကြသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။

မြန်မာနိုင်ငံ ခရစ်ကက်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးညွန့်ဝင်းက အမျိုးသမီးအသင်းလိုက် ပထမဆုရ ပြည်ကြီးတံခွန်အသင်းအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အခြေခံပညာဦးစီးဌာန တိုင်းဒေသကြီး ပညာရေးမှူး ဦးစိုးမြင့်ထွန်း**(အောက်ပုံ)**က အမျိုးသားအသင်းလိုက် ပထမဆုရ ချမ်းမြသာစည်အသင်းအားလည်းကောင်း ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။ (သတင်းစဉ်)



## တိုင်းဒေသကြီးနှင့် ပြည်နယ် စစ်တုရင်ပြိုင်ပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၂။** ။ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပသည့် ၂၀၁၁ ခုနှစ် (၃၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်စစ်တုရင်ပြိုင်ပွဲကို အောက်တိုဘာ ၂၈ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် အပြည်ပြည်ဆိုင်ရာ စစ်တုရင်အလွတ်တန်းအသင်းလိုက်ပြိုင်ပွဲ၊ အပြည်ပြည်ဆိုင်ရာ စစ်တုရင် လူငယ်အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲ၊ မြန်မာ့ရိုးရာစစ်တုရင် အသင်းလိုက်နှင့် တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ (သတင်းစဉ်)

## အမျိုးသားဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် တတိယအကြိမ်မြောက် တိုင်းဒေသကြီးနှင့် ပြည်နယ်အမျိုးသားဟော်ကီပြိုင်ပွဲကို သိမ်ဖြူမြက်ခင်းတုဟော်ကီကွင်း၌ ယနေ့ ဆက်လက်ယှဉ်ပြိုင်ကစားရာ ပထမပွဲစဉ်တွင် ရှမ်းပြည်နယ်အသင်းက ကယားပြည်နယ်အသင်း **(အပေါ်ပုံ)**ကို လေးဂိုး - ဂိုးမရှိဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို လေးဂိုး - နှစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားသည်။

အောက်တိုဘာ ၃ ရက်တွင် ပဲခူးတိုင်းဒေသကြီးအသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ ချင်းပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ (၁၉)

## တစ်ချက်တည်းကျင်းဝင်

**နေပြည်တော် အောက်တိုဘာ ၂။** ။ ရန်ကုန်ဂေါက်အသင်း (တညင်းကုန်း)၌ ဦးမင်းဇော်သည် စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီ ၄၅ မိနစ်တွင် ကစားဖော်များဖြစ်ကြသော ဦးမြင့်နီ(ရန်ကုန်ပဲဆီသန့်)၊ ဦးရွှေပါ (Beauty ခေါင်းလျှော်ရည်)၊ ဦးရွှေသီး (Beauty ခေါင်းလျှော်ရည်)တို့နှင့်အတူ ဂေါက်သီးရိုက်ကစားစဉ် Titleist Pro V1 No.3 ဘောလုံးကို XX 10 N0.7 တုတ်ဖြင့် ရိုက်လိုက်ရာ ကိုက်(၁၆၀)အကွာရှိ ကျင်းအမှတ်(၈)သို့တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရသည်။ (သတင်းစဉ်)

## ချယ်လ်ဆီးအသင်း အဝေးကွင်းခြေစွမ်းပြပြီး သုံးမှတ်အပြည့်ရယူ

**လန်ဒန် အောက်တိုဘာ ၂**

ပရီမီယာလိဂ်ပွဲစဉ်(၇) ဒုတိယနေ့၏ အစောပိုင်းပွဲစဉ်အဖြစ် ဘော်လ်တန်အသင်းနှင့် ချယ်လ်ဆီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ချယ်လ်ဆီးအသင်းက ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရသွားသည်။

ယခုပွဲစဉ်တွင် ချယ်လ်ဆီးအသင်း၌ ဒရော့ဘာ၊ စတာရက်ချ်၊ လမ်းပတ်၊ မာတာ၊ ရာမီရစ်၊ ဂွန်တယ်ရီ၊ မီရာလစ်၊ လူးဝစ်၊ ပီတာချက်ချ် စသည့် အဓိကကစားသမားများ ပါဝင်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယားထိပ်မှ မန်ယူနှင့် မန်စီးတီးတို့ကို ဆက်လက်ဖိအားပေးနိုင်ရေးအတွက် ပွဲစသည်နှင့် ဘော်လ်တန်ဘက်သို့ တရစပ် ဖိအားပေးတိုက်စစ်ဆင် ကစားခဲ့သည်။ ထို့ကြောင့် ပထမပိုင်း ပွဲအစ နှစ်မိနစ်မှာပင် လူငယ်တိုက်စစ်မှူး စတာရက်ချ်က ချယ်လ်ဆီးအတွက် အဖွင့်ဂိုးကို ရယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၁၅ မိနစ်တွင် မာတာ၊ စတာရက်ချ်တို့၏ တွဲလုံးမှတစ်ဆင့် လမ်းပတ်က ဒုတိယဂိုး၊ ပွဲချိန် ၂၅ မိနစ်တွင် စတာရက်ချ်က တတိယဂိုးနှင့် ၂၇ မိနစ်တွင် လမ်းပတ်က စတုတ္ထဂိုးတို့ကို သွင်းပေးခဲ့၍ ပထမပိုင်းတွင် ချယ်လ်ဆီးက လေးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းတွင်လည်း ချယ်လ်ဆီးအသင်း ကစားအားမချဘဲ ဆက်လက်တိုက်စစ်ဆင်ကစားခဲ့ရာ ပွဲချိန် ၅၈ မိနစ်တွင် လမ်းပတ်က ပဉ္စမဂိုး ထပ်မံသွင်းယူခဲ့ပြီး ဘော်လ်တန်အတွက် နှစ်သိမ့်ချေပဂိုးကို ပွဲချိန် ၄၆ မိနစ်တွင် ဘိုယာတာက သွင်းယူခဲ့ခြင်းဖြစ်သည်။

***အင်တာနက်။***

### အခြားပွဲစဉ် ရလဒ်များ

| | | | | |
|---|---|---|---|---|
| ဖူလ်ဟမ် | ၆ | - | ၀ | ကျူပီအာ |
| ဆွမ်ဆီး | ၂ | - | ၀ | စတုတ်စီးတီး |
| စပါး | ၂ | - | ၁ | အာဆင်နယ် |

**>> ဟန်သစ် <<**

## ATP PTT ထိုင်းအိုးပင်း အင်ဒီမာရေး ချန်ပီယံဆုဖလား ဆွတ်ခူး

**ဗန်ကောက် အောက်တိုဘာ ၂**

ATP PTT ထိုင်းအိုးပင်း တင်းနစ်ပြိုင်ပွဲကို စက်တင်ဘာ ၂၆ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့ရာ နောက်ဆုံးဗိုလ်လုပွဲတွင် အင်ဒီမာရေးက ဒိုနယ်ယန်းကို အနိုင်ယူ၍ ဗိုလ်စွဲသွားသည်။

**သက်သောင့်သက်သာကစား**

အသက်(၂၄)နှစ်ရှိ ကမ္ဘာ့အဆင့်(၄) ဗြိတိန်နိုင်ငံသား အင်ဒီမာရေးသည် အသက်(၂၂)နှစ်ရှိ ကမ္ဘာ့အဆင့်(၅၅) အမေရိကန်နိုင်ငံသား ဒိုနယ်ယန်းကို ၆-၂၊ ၆-၀ ဖြင့် သက်သောင့်သက်သာကစားကာ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းတို့ နှစ်ဦး၏ ပွဲကစားချိန်မှာ ၄၈ မိနစ်သာ ကြာမြင့်ခဲ့သည်။

***အင်တာနက်။***



***အင်ဒီမာရေးအား ATP PTT ထိုင်းအိုးပင်း တင်းနစ်ချန်ပီယံ ဆုဖလားနှင့်အတူ တွေ့ရစဉ်။***

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　အောက်တိုဘာ　　၃**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကိုရီးယားသမ္မတနိုင်ငံ နိုင်ငံခြားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ကင်မ်ဆောင်းဟွမ်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်　　အောက်တိုဘာ　　၃**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၃ ရက်တွင် ကျရောက်သော ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ၏ ဂျာမန်ပေါင်းစည်းရေးနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဂီဒို ဗက်စ်တာ ဗယ်လာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

## ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အင်္ဂလိပ်စာကျွမ်းကျင်မှု သင်တန်းဆင်းပွဲ တက်ရောက်

ရန်ကုန်　　အောက်တိုဘာ　　၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများ အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲ အခမ်းအနားကို စက်တင်ဘာ ၃၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် အုတ်ပုံဆိပ်လမ်းရှိ မီးသတ်ဦးစီးဌာန (ရုံးချုပ်)၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် တက်ရောက်၍ အမှာစကားပြောကြားခဲ့သည်။**

**တက်ရောက်**

အဆိုပါ သင်တန်းမှာ ရက်သတ္တရှစ်ပတ်ကြာမြင့်ပြီး သင်တန်းသား ၂၀ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)



**အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် အင်္ဂလိပ်စာကျွမ်းကျင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၁၁) ဆင်းပွဲအခမ်းအနားတွင် သင်တန်းသူတစ်ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်စဉ်။** (သတင်းစဉ်)

### ယနေ့သတင်းအညွှန်း

**သက်တမ်းလွန်ယာဉ်များ နေရာတွင် နိုင်ငံခြားမှ ယာဉ်သစ်ကြီးများနှင့် အစားထိုးပြေးဆွဲမည်**

"ရန်ကုန်တိုင်းဒေသကြီး မထသယာဉ်လိုင်းများမှ သက်တမ်းလွန် မော်တော်ယာဉ် ၅၇၁ စီးကို သတ်မှတ်စည်းကမ်းများနှင့်အညီ ကညနသို့ အပ်နှံကြရမည်"

ပြည်တွင်းသတင်း စာ - ၅



**ဩစတြေးလျတွင် ချားရဟတ်ကို လေယာဉ်ငယ်ဝင်တိုက်မိ**

"ရဟတ်ပေါ်၌ ကလေးနှစ်ဦး၊ လေယာဉ်ပျံအတွင်း၌ လူကြီးနှစ်ဦး နာရီပိုင်းကြာသည်အထိ ပိတ်မိနေကြောင်း၊ တစ်စုံတစ်ဦးမျှ စိုးရိမ်ဖွယ်ရာ ဒဏ်ရာ မရရှိကြကြောင်း"

နိုင်ငံတကာသတင်း စာ - ၄

**(၄၉)ကြိမ်မြောက် နယူးယောက် ရုပ်ရှင်ပွဲတော် စတင်ဖွင့်လှစ်**

"အဆိုပါ ရုပ်ရှင်ပွဲတော်ကို အောက်တိုဘာ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး ရုပ်ရှင်ဇာတ်ကားပေါင်း ၂၆ ကား ပြသသွားမည် ဖြစ်သည်။"

နိုင်ငံတကာအနုပညာသတင်း စာ - ၈

**ချယ်လ်ဆီးအသင်း အဝေးကွင်း ခြေစွမ်းပြပြီး သုံးမှတ်အပြည့်ရယူ**

"ချယ်လ်ဆီးအသင်းသည် အမှတ်ပေးဇယားထိပ်မှ မန်ယူနှင့် မန်စီးတီးတို့ကို ဆက်လက်ဖိအားပေးနိုင်ရေးအတွက် ပွဲစသည်နှင့် တရစပ် တိုက်စစ်ဆင်ကစားခဲ့"

အားကစားသတင်း စာ - ၁၀

သတင်းဆောင်းပါး
ခရမ်းစိုးမြင့်
ဓာတ်ပုံ
ကျော်မိုးလွင်

## နီးလျက်နဲ့ဝေးနေကြသည့် သမိုင်းစာမျက်နှာထဲက မြို့နှစ်မြို့ (သို့မဟုတ်) ပြင်ဦးလွင်နဲ့မိုးကုတ် ခုတော့ အနီးကလေး ခရီးမဝေးတော့ပါ

**ပြင်ဦးလွင်-မိုးကုတ် လမ်းအား ကတ္တရာခင်းရန် လမ်းကြိတ်စက်ကြီး လုပ်ငန်းဆောင်ရွက်နေစဉ်။**



သတင်းသမား ခရီးသွားကျွန်တော်သည် ပုဂံမှအပြန်တွင် ပြင်ဦးလွင်သို့ ခရီးဆက်ခဲ့သည်။

ပြင်ဦးလွင်မြို့သည် မန္တလေးမြို့၏အရှေ့ဘက် ၄၂ မိုင်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် အမြင့်ပေ ၃၅၃၈ ပေတွင် တည်ရှိသည်။ မြို့ကို ဗဒုံမင်းလက်ထက်တွင် ထုတ်ပြန်သည့်အမိန့်တော်၌ ၁၁၄၉ ခုနှစ်တွင် တည်သည်ဟု တွေ့ရသည်။ မြန်မာဘုရင်သီပေါမင်း ပါတော်မူပြီးနောက် ၁၈၈၆ ခုနှစ်တွင် အမှတ်(၅) ဘင်္ဂလားတပ်ရင်းမှ ဗိုလ်မှူးကြီးမေ ရောက်ရှိလာပြီး မြို့အဖြစ်သို့တိုးမြှင့်ကာ မေမြို့ဟု ပြောင်းလဲခေါ်ဆိုစေခဲ့ကြောင်း သိရသည်။ ဒေါက်တာဘမော် အစိုးရလက်ထက်တွင် မေမြို့အမည်ကို ပြင်ဦးလွင်ဟု ပြင်ဆင်သတ်မှတ်ခဲ့သော်လည်း မေမြို့ဟုသာ ခေါ်တွင်မှုများခဲ့သည်။ ၁၉၈၉ ခုနှစ်တွင် အမိန့်ကြော်ငြာစာဖြင့် မေမြို့မှ ပြင်ဦးလွင်သို့ ပြင်ဆင်သတ်မှတ်ခဲ့သော မြို့ဖြစ်သည်။

မိုးကုတ်သည် (လိပ်နဂါး၊ ကြွက်သုံးဘော်ယှက်၊ ကျောက်မျက်ရတနာပေါ်ထွက်လာ၊ ဂန္ဓာတိုင်း၊ သမိုင်းပွင့်ဆန်း ပင်သဖန်း၊ မော်ကွန်းထိုးထုတ် မြို့မိုးကုတ်) ဟု ဆိုသဖြင့် သဖန်းပင်ရှာတည်ပြီးမှ မိုးကုတ်မြို့ တည်သည်ဟု ဆိုသည်။ မြန်မာသက္ကရာဇ် ၅၇၉ ခုနှစ်တွင် သဖန်းပင်ရှာတည်သည်။ ယခု မိုးကုတ်မြို့တည်မည့်ဒေသတွင် စွန်နှင့်ကျီးများ ဝဲနေသဖြင့် မျက်စိလည်၍ရောက်နေသော မုဆိုးများက သွားကြည့်ရာ တောင်တစ်တောင်ပြိုကျပြီး ကျောက်နီပတ္တမြားများ တွေ့ရသောကြောင့် ကောက်ယူ၍ ထိုစဉ်က

**စာမျက်နှာ ၉ ကော်လံ ၁ သို့** ❖